


# ကျားမရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း

**Paul Minoletti**

**August 2019**

The Asia Foundation

ယခုအစီရင်ခံစာအား U.S. Department of State မှ ရန်ပုံငွေ ပံ့ပိုးပါသည်။

# ၁

# ကျား-မရေးရာ ဘတ်ဂျက် ရေးဆွဲခြင်းနှင့် ၎င်း၏ အကျိုးကျေးဇူးများ

**ကျား-မရေးရာ ဘတ်ဂျက် (ရသုံးမှန်းခြေငွေစာရင်း) ရေးဆွဲခြင်း ဆိုသည်မှာ မည်သည့်အရာဖြစ်ပြီး ၎င်းအားဖြင့် ရရှိလာနိုင်သော အကျိုးကျေးဇူးများမှာ အဘယ်နည်း။**

ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း ('ကျား-မရေးရာအသားပေး ဘတ်ဂျက်ရေးဆွဲခြင်းဟု သိကြသော' – GRB) အား 'မိန်းကလေးများနှင့် အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျား-မရေးရာ တန်းတူညီမျှမှုကို မြှင့်တင်ပေးနိုင်ရန် အတွက် ဘဏ္ဍာရေးဆိုင်ရာမူဝါဒနှင့် အုပ်ချုပ်ရေးကို အသုံးပြုသော ဘတ်ဂျက်ရေးဆွဲခြင်းအား လုပ်ဆောင်ခြင်း'[၁] ဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။ ပိုမိုတိတိကျကျဆိုရလျှင် ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ဆောင်ချက်များမှ ယေဘုယျအားဖြင့် ရည်ရွယ်ထားသည်မှာ

- အမျိုးသမီးနှင့် အမျိုးသား နိုင်ငံသားများ၏ အများနှင့် ဆိုင်သော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအား လက်လှမ်းမှီနိုင်သော အနေအထားစံနှုန်းနှင့် အဆိုပါ လက်လှမ်းမှီနိုင်မှု (သို့မဟုတ် ရယူနိုင်ခြင်းမရှိမှု) ၏ ၎င်းတို့ ကျန်းမာပျော်ရွှင်မှုအပေါ် သက်ရောက်မှုကို နားလည်နိုင်ရန်အတွက် ကျား-မရေးရာအား ဂရုပြုထားသော ဆန်းစစ်လေ့လာမှုများကို အသုံးပြုခြင်း။
- ကျား-မရေးရာတန်းတူညီမျှမှုကို ပိုမိုအားကောင်းလာစေမည့် ပုံစံမျိုးဖြင့် အသုံးစရိတ်ဘဏ္ဍာငွေ ရယူမှုကို ထိန်းညှိခြင်း။
- ကျား-မရေးရာတန်းတူညီမျှမှုကို မြှင့်တင်ပေးရန် ရည်ရွယ်သော ဥပဒေများနှင့် မူဝါဒများ အကောင်အထည်ဖော်နိုင်ရန်အတွက် လုံလောက်သော ငွေကြေးများ ထောက်ပံ့ပေးရန် သေချာစေခြင်းတို့ ဖြစ်ပါသည်။

ကျား-မရေးရာ မညီမျှမှုသည် နိုင်ငံသားများ၏ အခွင့်အရေး၊ ကျန်းမာပျော်ရွှင်မှုနှင့် စွမ်းဆောင်ရည်များကို ထိခိုက်မှု ရှိစေနိုင်ပါသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း[၂] အတားအဆီးဖြစ်စေနိုင်ပါသည်။ ကျား-မရေးရာ ဘတ်ဂျက် ရေးဆွဲခြင်းသည် ကျား-မရေးရာ မညီမျှမှုများကို လျော့ချရန် ကူညီပေးခြင်းအားဖြင့် လူမှုအသိုင်းအဝိုင်းအား အကူအညီ ပေးနိုင်သလို အခွန်တော် အရင်းအမြစ်များကို ပိုမိုအကျိုး ဖြစ်ထွန်းမှုရှိစွာ အသုံးပြုနိုင်စေပါသည်။



# ၂

# ကျား–မရေးရာ ဘတ်ဂျက် ရေးဆွဲမှု လုပ်ဆောင်ချက်များအတွက် နိုင်ငံတကာ အတွေ့အကြုံများ

## ၂.၁။ နိုင်ငံတကာ၏ လုပ်ဆောင်မှုစံနှုန်း

Janet G. Stotsky အနေဖြင့် လက်ရှိ ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း စာပေများထဲတွင် အကြံပြုထားခဲ့ပြီး ဖြစ်သလို၊ နိုင်ငံပေါင်းများစွာတွင် အသုံးချနေနှင့်ပြီးဖြစ်သော တူညီသော ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ဆောင်ချက်များကို ၂၀၁၆ ခုနှစ်တွင် ပြန်လည်အနှစ်ချုပ်ကာ ရေးသားခဲ့ပါသည်။

၁။ ကျား-မရေးရာ ပြဿနာများ၊ အရင်းအမြစ် ခွဲဝေပေးခြင်း၊နှင့် လက်ရှိဖြစ်ပေါ်နေသော မညီမျှမှုများ အပေါ် မူဝါဒများမှ မည်ကဲ့သို့ သက်ရောက်မှုရှိနေသည်ကို ဖော်ထုတ်နိုင်ရန်အတွက် မူဝါဒဆန်းစစ်မှုကို လုပ်ဆောင်ပါ။

၂။ စစ်တမ်းကောက်ယူခြင်းနှင့် အခြားသော နည်းစနစ်များကို အသုံးပြုခြင်းအားဖြင့် မူဝါဒများ၏ အကျိုးခံစားခွင့် ရှိသူများကို အကဲဖြတ်ပါ။

၃။ ကုန်ကျမှု အချက်အလက်များနှင့် အကျိုးခံစားခွင့်ရှိသူများ အရေအတွက်ကို အသုံးပြုခြင်းအားဖြင့် အများနှင့်ဆိုင်သော အသုံးစရိတ် ဖြစ်ပွားမှုပမာဏများကို အကဲဖြတ်ပါ။ အလားတူစွာ အခွန်ဖြစ်ပွားမှုပမာဏကို အကဲဖြတ်ပါ။

၄။ အသုံးပြုသော အချိန်နှင့် ပြုစုစောင့်ရှောက်ခြင်း (သို့မဟုတ် ဝင်ငွေမရသော) လုပ်ငန်းများအပေါ် ဘတ်ဂျက်၏ သက်ရောက်မှုကို စစ်ဆေးလေ့လာသည်။

၅။ ရေလတ်လုပ်ဆောင်ချက်များနှင့် အဆိုပါ ထည့်သွင်းစဉ်းစားမှုများအနေဖြင့် ကျယ်ပြန့်သော စီးပွားရေးဆိုင်ရာလေ့လာမှုမူဘောင်နှင့် အလားအလာ ခန့်မှန်းခြေများကို မည်ကဲ့သို့ ပြောင်းလဲနိုင်မည် ဆိုသည်ကို စစ်ဆေးလေ့လာပါ။

၆။ ရလဒ်များကို ဖြန့်ဖြူးပေးရန် ဘတ်ဂျက်စာရင်းရှင်းတမ်း သို့မဟုတ် နည်းလမ်းများကို ပြင်ဆင်ပါ။[၃]

၂၀၁၆ ခုနှစ်မှ စတင်ကာ ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ဆောင်ချက်များသည် အထက်တွင် အသားပေးဖော်ပြထားသော ချဉ်းကပ်မှုများကို ကျယ်ပြန့်စွာ ဆက်လက်လိုက်နာဆောင်ရွက်နေပါသည်။ ထိုကဲ့သို့သော ချဉ်းကပ်မှုများသည် ဘတ်ဂျက် ရေတိုရလဒ်နှင့် ရေရှည်ရလဒ်၊ နှင့် နိုင်ငံသားများ၏ အသုံးပြုမှု အကြိမ်ရေ အပါအဝင် ကျယ်ပြန့်ကာ အသေးစိတ်ကျသော အချက်အလက်ပေါင်းစုများအား လက်လှမ်းမီနိုင်ခြင်း ရှိမရှိဆိုသည့်အပေါ် ကြီးလေးစွာ သက်ရောက်မှုရှိနေကြောင်း သတိချပ်ရမည် ဖြစ်ပါသည်။

## ၂.၂။ အခြားနိုင်ငံများတွင် ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ရှားမှုများ၏ သက်ရောက်မှုများ

ပျမ်းမျှအားဖြင့် ကမ္ဘာပေါ်ရှိ အရေအတွက် ငါးဆယ်ထက်မကသော GRB (ကျား-မရေးရာအား အလေးပေးသော ဘတ်ဂျက်ရေးဆွဲခြင်း) လုပ်ဆောင်ချက်များသည် နှိုင်းယှဉ်ကြည့်ပါက အနည်းငယ်သော ဘတ်ဂျက် ပြောင်းလဲမှုများကိုသာ ဖြစ်ပေါ်စေခဲ့သည်"[၄] ဟု Debbie Budlender မှ ၂၀၁၅ ခုနှစ်တွင် ကောက်ချက်ချခဲ့ ပါသည်။ ၂၀၁၆ ခုနှစ်တွင် နိုင်ငံပေါင်း ရှစ်ဆယ်ကျော်မှ ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ဆောင်ချက် ပုံစံအချို့ကို ကြိုးစားကြည့်ခဲ့ကြသော်လည်း၊ Stotsky ၏ "ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်းအားထုတ်မှု အများစုမှာ ခရီးပေါက်ခြင်းမရှိ။"[၅] ဟူသော ရှာဖွေတွေ့ရှိချက်နှင့်အညီ အောင်မြင်မှုနှုန်းမှာ ထူးထူးခြားခြား တိုးတက်လာခြင်းမရှိ (သို့မဟုတ် လုံးဝတိုးတက်လာခြင်းမရှိ) ခဲ့ပါ။

ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ဆောင်ချက်များ မကြာခဏဆိုသလို မူဝါဒဆိုင်ရာ သက်ရောက်မှု နည်းပါးရခြင်း သို့မဟုတ် သက်ရောက်မှု မရှိရခြင်း၏ အကြောင်းအရင်းများမှာ ကွဲပြားနိုင်ပါသည်။ သို့သော် တူညီသော အကြောင်းအရင်းများတွင် ပါဝင်သည်များမှာ

- ၎င်းတို့လုပ်ဆောင်ရန် ဆန္ဒရှိနေနှင့်ပြီးဖြစ်သော ဦးတည်ချက်များအား အဆိုပါလုပ်ဆောင်ချက်များမှ အထောက်အပံ့ပေးနိုင်ခြင်းမရှိပါက မူဝါဒချမှတ်သူများမှ အဟန့်အတားပြုလုပ်ခြင်း။[၆]
- လုပ်ဆောင်ချက်များအတွင်း ပါဝင်နေသော သူများတွင် ဘတ်ဂျက်များကို ပြောင်းလဲနိုင်သော အခွင့်အာဏာမရှိခြင်း။ အဘယ်ကြောင့်ဆိုသော် ဥပမာအားဖြင့် ၎င်းတို့သည် ၁) အများအားဖြင့် သို့မဟုတ် အားလုံးအနေဖြင့် အာဏာပိုင်အဖွဲ့အစည်းများမှမဟုတ်ပဲ လူမှုအဖွဲ့အစည်းများမှ လာခြင်း။ ၂) အစိုးရဝန်ထမ်းများမှာ ကျား-မရေးရာဆိုင်ရာ ဝန်ကြီးဌာနများမှ ဖြစ်နေခြင်း။ ၃) နှင့်/သို့မဟုတ် အဆိုပါ အစိုးရဝန်ထမ်းများမှာ ဘတ်ဂျက်ကို လွှမ်းမိုးနိုင်ခြင်းမရှိသော အငယ်တန်းဝန်ထမ်းများ ဖြစ်နေခြင်းတို့ ဖြစ်ပါသည်။[၇]
- ကျား-မရေးရာအား ဦးတည်သော ဝန်ကြီးဌာနများမှ အစိုးရဝန်ထမ်းများတွင် ကျား-မရေးရာ ဘတ်ဂျက်ရေး ဆွဲခြင်း၏ နည်းပညာပိုင်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရန် လိုအပ်သော ကျွမ်းကျင်မှုနှင့်ယုံကြည်မှုများ ကင်းမဲ့ခြင်း။[၈]
- အချို့သောနိုင်ငံများ၏ ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း ကြိုးပမ်းမှုများမှာ အစိုးရ သို့မဟုတ် ဝန်ကြီးဌာနများမှ 'အမျိုးသမီးများ' နှင့် 'ကျား-မရေးရာတန်းတူညီမျှမှု'အတွက် အသုံးပြုနေသော သီးသန့်ဘတ်ဂျက်လမ်းကြောင်း စုစုပေါင်း၏ သတ်မှတ်ထားသော ရာခိုင်နှုန်းတစ်ခုကို ကြိုတင် လျာထားရန်သာ အာရုံစိုက်ခြင်းမျိုး ဖြစ်နေပါသည်။ ထိုကဲ့သို့သော ချည်းကပ်မှုများမှာ ယေဘုယျအားဖြင့် အကျိုးဖြစ်ထွန်းမှုမရှိသော နှင့်/သို့မဟုတ် ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း ပန်းတိုင်များကို လိုက်လျှောက်ရန် အတွက် ထိရောက်မှုမရှိသော နည်းလမ်းများ ဖြစ်နေကြောင်း တွေ့ရှိခဲ့ရပါသည်။[၉]

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund - IMF) ၏ ၂၀၁၆ ခုနှစ် ကမ္ဘာတစ်ဝှမ်း ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ဆောင်ချက်နှင့် ပတ်သက်သော စစ်တမ်းကောက်ယူမှုတွင် တွေ့ရှိခဲ့သည့်မှာ အကယ်၍ ထိုလုပ်ဆောင်ချက်များ ထိရောက်မှုရှိစေလိုပါက မရှိမဖြစ်လိုအပ်သည်မှာ 'ဘဏ္ဍာငွေသုံးစွဲနေသော ဝန်ကြီးဌာန များမှ ၎င်းတို့ တာဝန်ရှိသော နယ်ပယ်အတွင်း ကျရောက် လာသော ကျား-မရေးရာအခြေပြု ပန်းတိုင်များကို ဖော်ထုတ် ရာတွင်နှင့် အဆိုပါ ပန်းတိုင်များကို ရယူနိုင်ရန်အတွက် လိုအပ် သော အစီအစဉ်များ ကို ရေးဆွဲရန်နှင့် ၎င်းတို့အတွက် ဘတ်ဂျက်များကို တောင်းဆိုရာတွင် ဦးဆောင်ရမည်ဖြစ်သည်။'[၁၀]

စစ်တမ်းကောက်ယူမှုမှ ဆက်လက်တွေ့ရှိခဲ့သည်မှာ ကျား-မ ရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ဆောင်ချက်များတွင် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ဦးဆောင်ဦးရွက်နေရာ၌ ရှိနေပါက အများအားဖြင့် ပိုမိုအောင်မြင်လေ့ ရှိကြောင်းပင် ဖြစ်ပါသည်။ ယူဂန်ဒါနိုင်ငံနှင့် ရဝမ်ဒါနိုင်ငံတို့မှာ ဘဏ္ဍာရေး ဝန်ကြီးဌာနကို ဦးဆောင်မှုနေရာတွင် ထားရှိခဲ့သောကြောင့် အောက်မြင်မှုများကို တွေ့ကြုံခဲ့ရသည့် ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံ နှစ်နိုင်ငံဖြစ်ပါသည်။[၁၁] မည်သို့ပင်ဆိုစေကာမူ ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲမှုကို မြှင့်တင်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးဌာနများ ကြုံတွေ့ရနိုင်သော ကန့်သတ်ချက် များကို သိရှိထားရန်လည်း အရေးကြီးပါသည်။ ထိုအထဲတွင် 'ကျား-မရေးရာ'ကို ရုပ်လုံးဖော်ကာ ၎င်းတို့ လုပ်ဆောင်ချက် များထဲ ထည့်သွင်းအသုံးပြုမှု လုပ်ငန်းစဉ်ဖြင့် ရင်းနှီးမှုမရှိဖြစ်နေ တတ်ခြင်းနှင့် သက်ဆိုင်ရာ ငွေကြေးသုံးစွဲမှုနှင့် ပတ်သက်ပြီး ဝန်ကြီးဌာနများ၏ ဆုံးဖြတ်ချက်လမ်းကြောင်းအပေါ် လွှမ်းမိုး နိုင်မှု အကန့်အသတ်ရှိနေခြင်းတို့ အပါအဝင် ဖြစ်ပါသည်။[၁၂]

"စစ်တမ်းကောက်ယူမှုမှ ဆက်လက်တွေ့ရှိခဲ့သည်မှာ ကျား-မ ရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ဆောင်ချက်များတွင် ဘဏ္ဍာရေး ဝန်ကြီးဌာနအနေဖြင့် ဦးဆောင်ဦးရွက်နေရာ၌ ရှိနေပါက အများအားဖြင့် ပိုမိုအောင်မြင်လေ့ ရှိကြောင်းပင် ဖြစ်ပါသည်။"

ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်းဦးတည်ချက်များကို ရောက်ရှိနိုင်ရန်အတွက် အစီအစဉ် သို့မဟုတ် ရလဒ်အခြေပြု ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များ (ရေရှည်ရလဒ်နှင့် ရေတိုရလဒ်ကို တိုင်းတာခြင်းအား အသားပေးသော လုပ်ငန်း စဉ်များ) မှာ သမာရိုးကျဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များ (အကူအညီများ၊ သို့မဟုတ် အကူအညီပေးမှုများအတွက် ကုန်ကျစရိတ်များကို တိုင်းတာခြင်းအပေါ် အာရုံစိုက်သော

လုပ်ငန်းစဉ်များ) ထက် မည်ကဲ့သို့ ပိုမိုသင့်လျော်မှုရှိကြောင်းကို Stotsky မှ မီးမောင်းထိုးပြခဲ့ပါသည်။[၁၃] ထိုအချက်မှာ သံသယရှိစရာမလိုအောင် မှန်ကန်မှုရှိသော်လည်း အစီအစဉ် သို့မဟုတ် ရလဒ်အခြေပြု ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များကို အသုံးပြုခြင်းမရှိသေးသော နိုင်ငံများအတွက် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များကို အလျှင်အမြန် ပြောင်းလဲရန် ကြိုးစားခြင်းအပေါ် သတိထားသင့်ပါသည်။

'အတွေ့ကြုံများမှ တွေ့ရှိခဲ့ကြရသည်မှာ ဆန္ဒလွန်ကဲပြီး ဆန်းသစ်လွန်းသော ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု (Public Finance Management - PFM) ပြုပြင်ပြောင်းလဲမှုများကို မိတ်ဖက်နိုင်ငံများအတွင်းသို့ အစားထိုးခြင်းမှာ အမြဲအောင်မြင်မှု ရလေ့မရှိကြောင်းပင် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် လုပ်ငန်းတာဝန်၏ရှုပ်ထွေးမှုနှင့် ဒေသတွင်းစွမ်းဆောင်ရည် မကြာခဏအကန့်အသတ်ရှိလေ့ရှိခြင်း နှစ်ခုလုံးနှင့် စပ်လျဉ်းပြီး အများအားဖြင့် လျှင်မြန်လွန်းစွာ သို့မဟုတ်/နှင့် ကျယ်ပြန့်လွန်းစွာ ရှေ့ဆက်ရန် လုပ်ဆောင်ခြင်း ကြောင့်ဖြစ်သည်။ ပြုပြင်ပြောင်းလဲမှုများအတွက် အချိန်ယူရမည်ဖြစ်ပြီး ဒေသအခြေအနေနှင့် လျော်ညီစွာ ဆောင်ရွက်ရမည်ဖြစ်သည်။ အဆိုပါအချက်ကို သိရှိထားခြင်း အားဖြင့် ကျား-မရေးရာ အသားပေးသော ဘက်ဂျက်ရေးဆွဲခြင်းကို နားလည်သဘောပေါက်မှုရှိပြီး အကောင်အထည် ဖော်သင့်သည်။'[၁၄]



ကျား-မရေးရာ ဘက်ဂျက်ရေးဆွဲခြင်းသည် ဘက်ဂျက်ပြုပြင်ပြောင်းလဲခြင်းပုံစံ အများစုကဲ့သို့ ဘက်ဂျက်တစ်ကြိမ်လည်ပတ်မှုအပြီး ဘက်ဂျက်ကျင့်သုံးမှုအတွင်း အပြည့်အဝခိုင်မြဲမှုရှိသွားခြင်းမျိုး မဖြစ်နိုင်ပါ။ ဘက်ဂျက်များကို နှစ်စဉ်လည်ပတ်မှုအတွက် သာမန်အားဖြင့် ဖွဲ့စည်းလေ့ရှိကြသောကြောင့် ကျား-မရေးရာ ဘက်ဂျက်ရေးဆွဲခြင်းကို အားပေးကူညီမည့် အဖွဲ့အစည်းတိုင်းသည် အစိုးရမှ နှစ်ပေါင်းများစွာ ထိုကဲ့သို့ ဆက်လက် လုပ်ဆောင်ရာတွင် အကူအညီပေးရန် ကြိုတင်ပြင်ဆင်ထားရမည်ဟု အဓိပ္ပာယ်သက်ရောက်ပါသည်။[၁၅]

မြန်မာနိုင်ငံ၏ အိမ်နီးချင်းဖြစ်သော အိန္ဒိယနိုင်ငံသည် ကျား-မရေးရာဘက်ဂျက်ရေးဆွဲမှုကို အကောင်အထည် ဖော်ရာတွင် အောင်မြင်မှုအတိုင်းအတာတစ်ခုအထိကို ကြုံတွေ့ခဲ့ရသော ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ပတ်သက်သည့် ဥပမာကောင်း တစ်ခုဖြစ်ပါသည်။[၁၆] မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံအနေဖြင့် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲခြင်း (Public Finance Management - PFM) စနစ်အလွန်ကွဲပြားသည့် နိုင်ငံတွင် အသုံးပြုသော နည်းလမ်းများကို ကူးယူခြင်းမျိုး လုပ်ဆောင်ခြင်း မပြုနိုင်ပါ။ ထို့အပြင် အစိုးရဝန်ထမ်းများအကြား နည်းပညာစွမ်းဆောင်ရည်အဆင့် ကွာခြားမှုများအပါအဝင်၊ အဆင့်မြင့် ဘတ်ဂျက် အချက်အလက်များကို ကောက်ယူခြင်းနှင့် ပတ်သက်သော အဖွဲ့အစည်းဆိုင်ရာ အတွေ့အကြုံကွာခြားမှုများလည်း အပါအဝင်ဖြစ်ပါသည်။ အကယ်၍ မြန်မာနိုင်ငံတွင် ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း အားထုတ်မှုများ ထိရောက်မှုရှိစေလိုပါက နိုင်ငံ၏ နောက်ခံအခြေအနေကို သေချာစွာ ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ အထူးသဖြင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု စနစ်မည်ကဲ့သို့ အလုပ်လုပ်နေသည်၊ သက်ဆိုင်သူ တစ်ဦးတစ်ယောက်နှင့် အဖွဲ့အစည်းများအကြားရှိ နည်းပညာ စွမ်းဆောင်ရည်၊ စည်းရုံးလှုံ့ဆော်ရန် အားထုတ်မှုများအတွက် မည်သည့်အဓိကဆုံးဖြတ်ချက်ချမှတ်သူများကို ဦးတည်ချက်ထားသင့်ဆိုသည်နှင့် မည်ကဲ့သို့ ဦးတည်သင့်သည်ဆိုသည်များတို့နှင့် သက်ဆိုင်ပါသည်။

# ၃

# မြန်မာနိုင်ငံတွင် ကျား–မရေးရာ ဘတ်ဂျက်ရေးဆွဲမှုကို မည်ကဲ့သို့ မိတ်ဆက်ပေးနိုင်မည်နည်း

## ၃.၁။ ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်းနှင့် ပတ်သက်သော မြန်မာနိုင်ငံ၏ မူဝါဒဆိုင်ရာ ကတိကဝတ်ပြုမှုများ

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပုံစံအမျိုးမျိုး ပပျောက်ရေး သဘောတူ စာချုပ်(Convention on the Elimination of All Forms of Discrimination against Women - CEDAW) နှင့် ကမ္ဘာ့ အမျိုးသမီး ညီလာခံ (ဘေဂျင်း) လုပ်ငန်းဆောင်ရွက်ချက် (Beijing Platform for Action - BPA) နှစ်ခုလုံးအတွက် လက်မှတ်ရေးထိုးထားပြီး ဖြစ်ပြီး၊ CEDAW နှင့် BPA တို့အောက် တွင် ၎င်း၏ ကတိကဝတ်ပြုချက်များကို လုပ်ဆောင်နိုင်ရေး အတွက် ပံ့ပိုးကူညီနိုင်ရန် မြန်မာနိုင်ငံတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်းဖြစ်သည့် ၂၀၁၃ - ၂၀၂၂ (National Strategic Plan for the Advancement of Women - NSPAW) ကို ရေးဆွဲထားခဲ့ပြီး ဖြစ်ပါသည်။ 'ကျားမရေးရာ ဘက်ဂျက်ရေး ဆွဲခြင်း' နှင့် ပတ်သက်ပြီး သီးခြားညွှန်းဆိုထားခြင်း မရှိ သော်လည်း NSPAW[၁၇] အတွင်းရှိ ဖော်ထုတ်ထားသော အကြောင်းအရာအလိုက် ဦးစားပေးနယ်ပယ် ၁၂ ခုလုံးအတွက် စာရွက်စာတမ်းထဲတွင် 'အထက်ဖော်ပြပါ လုပ်ငန်းစဉ်များ အတွက် ပါဝင်ပတ်သက်သူအားလုံးအပါအဝင် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဘက်ဂျက်ခွဲဝေပေးခြင်း' အတွက် တောင်းဆိုထားပါသည်။ NSPAW ထဲတွင် ဖွံ့ဖြိုးတိုး တက်ရေးနှင့် မူဝါဒအကောင်အထည်ဖော်ရေးများတွင် အမျိုး သမီးများ ပါဝင်ဆောင်ရွက်ခြင်း မြှင့်တင်ရန် လိုအပ်သည်ကို ထပ်တလဲလဲ အသားပေးဖော်ပြထားပါသည်။[၁၈] မည်သို့ပင် ဆိုစေကာမူ ၂၀၁၃ ခုနှစ်တွင် NSPAW ကို စတင်လုပ်ဆောင် ခဲ့သော်လည်း ဇူလိုင်လ ၂၀၁၉ ခုနှစ်အထိ အဆိုပါ စာရွက် စာတမ်းသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန (Ministry of Social Welfare, Relief and Resettlement - MoSWRR) ပြင်ပရှိ အမှန်တကယ် မူဝါဒ ချမှတ်ခြင်းများ သို့မဟုတ် ဘက်ဂျက်ခွဲဝေခြင်းများအပေါ် သက်ရောက်မှု မရှိသလောက် နည်းပါးခဲ့ပါသည်။

ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (Sustainable Development Goals – SDGs) အား ၂၀၁၅ ခုနှစ် စက်တင်ဘာလမှစ၍ သဘောတူညီခဲ့ကြပြီး၊ အဆိုပါ အချိန်မှစ၍ မြန်မာနိုင်ငံအစိုးရ (Government of Myanmar - GoM) အနေဖြင့် SDGs များနှင့် ကြိုးစားကိုက်ညီမှုရှိရန် လုပ်ဆောင်လိုသော ၎င်း၏ ဆန္ဒအပေါ် အလေးပေး ပြောကြား ခဲ့ပါသည်။ မြန်မာနိုင်ငံရှိ ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲ ခြင်းအတွက် အတော်များများပြားသော ပန်းတိုင်/ပန်းတိုင်ခွဲများနှင့် သင့်လျော်မှု ရှိနေပါသည်။ ရွေးချယ်ထားသည့် သင့်လျော်သော ပန်းတိုင်ခွဲများစာရင်းအတွက် ယခုစာရွက်၏ နောက်ဆက်တွဲ ၁ တွင် ကြည့်ရှုပါ။

ဩဂုတ်လတွင် မြန်မာနိုင်ငံအစိုးရမှ မြန်မာနိုင်ငံ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း များဖြစ်သည့် ၂၀၁၈-၂၀၃၀ (Myanmar Sustainable Development Plan - MSDP) '(မြန်မာနိုင်ငံအစိုးရ - GoM) ၏ ဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက်' ကို ထုတ်ဝေခဲ့ပါသည်။ အဆိုပါ စီမံကိန်းတွင် စီးပွားရေးနှင့် အုပ်ချုပ်ရေးကဏ္ဍအားလုံးနှင့် ပတ်သက်ကာ ပါဝင်နေပြီး အမျိုးသားညွှန်းကိန်းမူဘောင် (National Indicator Framework - NIF) အသေးစိတ်အားဖြင့် အတူပါရှိပါလာမည် ဖြစ်ပါပြီး တိုးတက်မှုများကို တိုင်းတာရန် အတွက် သက်ဆိုင်ရာ ညွှန်းကိန်း ၂၈၀ ခန့်ရှိမည် ဖြစ်သည်။[၂၀] MSDP ၏ လုပ်ငန်းဆောင်ရွက်ချက်စီမံကိန်း ၂.၄.၇ 'ဘက်ဂျက် အနေဖြင့် ကျား-မရေးရာတန်းတူညီမျှမှုမရှိခြင်းများကို ဖြေရှင်း နိုင်ရန်အတွက် လုံလောက်စွာပုံစံချမှတ်ထားကြောင်း သေချာ စေရန် အဆင့်တိုင်း၌ ကျား-မရေးရာ အသားပေးဘတ်ဂျက်ရေး ဆွဲခြင်းများကို ထည့်သွင်းလုပ်ဆောင်ခြင်း'[၂၁] အား ညွှန်းကိန်း

၂.၄.၈ 'ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ဆောင်ချက်များအား ၎င်းတို့၏ ကိုယ်ပိုင်ဘတ်ဂျက်အတွင်း လိုက်နာကျင့်သုံးသော အစိုးရဦးစီးဌာနရာခိုင်နှုန်း'[၂၂] ဖြင့် တိုင်းတာသွားရမည်ဖြစ်သည်။ ထို့ပြင် လိင်ခွဲခြားကောက်ယူသော အချက်အလက်များ ကောက်ယူခြင်း သို့မဟုတ် အမျိုးသမီးများအား ဦးတည်ခြင်းများကို အထူးတလှယ် ညွှန်းဆိုထားသည့် ညွှန်းကိန်းများစွာရှိပြီး ၎င်းတို့ကို နောက်ဆက်တွဲ ၂ တွင် ဖော်ပြထားပါသည်။ အချုပ်ဆိုရလျှင် NIF နှင့်အတူပါဝင်သော MSDP သည် ကျား-မရေးရာကို ၎င်း၏ စီမံချက်ချခြင်း လုပ်ငန်းစဉ်များထဲသို့ ထည့်သွင်းရာ၌ ယခင် နှိုင်းယှဉ်၍ရသော မြန်မာနိုင်ငံအစိုးရ စာရွက်စာတမ်းများထက် ပိုမိုကောင်းမွန်နေပါသည်။[၂၃] MSDP သည် ဝန်ကြီးဌာနများ၏ အမှန်တကယ်ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် မည်မျှ သက်ရောက်မှုရှိသည်ကို ပြောရန် စောလွန်းနေပါသေးသည်။ သို့သော် ဦးစီးဌာနအားလုံးသည် ၎င်းတို့၏ စီမံချက်များနှင့် ဘတ်ဂျက်ရေးဆွဲမှုအားလုံးအတွက် MSDP ကို ကိုးကားရန်လိုအပ်ကြောင်း သေချာစေခြင်းသည် အလားအလာကောင်းတစ်ရပ်ပင်ဖြစ်ပါသည်။

## ၃.၂။ မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ရှိ ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်းအား မိတ်ဆက်ပေးရာတွင် အဓိကကျသော ပြဿနာများနှင့် စိန်ခေါ်မှုများ

ကျား-မရေးရာဘတ်ဂျက်ရေးဆွဲခြင်းနှင့် သက်ဆိုင်မှုရှိသော မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု စနစ် အတွင်းရှိ ယေဘုယျကျသော စိန်ခေါ်မှုများကို အောက်တွင်ပါရှိသော အချက်များတွင် ဖော်ပြထားပါသည်။ ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်းအတွက် အဆိုပါပြဿနာများနှင့် ပတ်သက်သည့် အဓိကကျသော အချက်များကို အပိုင်း ၃.၃ တွင် တိုးချဲ့ဖော်ပြထားပါသည်။

- ◆ မြန်မာနိုင်ငံရှိ ဘတ်ဂျက်လေ့လာဆန်းစစ်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများသည် ယခုအချိန်အထိ ရေတိုရလဒ်များမှ ကောက်ယူရရှိထားသည့် အကန့်အသတ်ရှိသော အချက်အလက်များ၊နှင့် ရေရှည်ရလဒ်များမှ ကောက်ယူထားသော အနည်းငယ်သော အချက်အလက်များဖြင့် ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများနှင့် စီမံကိန်းများသို့ လွှဲပြောင်းနေရာချထားပေးရန်သာ အဓိကအားဖြင့် အာရုံစိုက်ထားလေ့ရှိပါသည်။ ရေတိုရလဒ်များနှင့် ရေရှည်ရလဒ်များမှ ကောက်ယူထားသော/ အသုံးပြုနိုင်သော အချက်အလက်များကို ဘတ်ဂျက်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုများထဲသို့ မကြာခဏ ဆိုသလို ထည့်သွင်းမှု မရှိခြင်းမျိုး ဖြစ်လေ့ရှိပါသည်။
- ◆ ဘတ်ဂျက်လည်ပတ်မှုစက်ဝန်းအတွင်း ဦးစားပေးသတ်မှတ်မှုအား မြှင့်တင်နိုင်ရန်အတွက် တိုးတက်မှုများရှိရန် လိုအပ်ပါသည်။ လက်တလောတွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် ဝန်ကြီးဌာနများသို့ ဖွံ့ဖြိုးရေးဆိုင်ရာ ဦးစားပေးမှုများနှင့် ပတ်သက်ပြီး အသားပေးထားသော ဘတ်ဂျက်အဆိုပြုလွှာ ခေါ်ယူခြင်း သို့မဟုတ် ကြေညာချက်များကို ထုတ်ပြန်ခြင်း မရှိသေးပါ။ဝန်ကြီးဌာနများ၏ ဘတ်ဂျက်အဆိုပြုချက်များမှာ ဖွံ့ဖြိုးရေးနှင့် ပတ်သက်သော ဦးစားပေးရမည့်အရာများအပေါ် မည်ကဲ့သို့ အကျိုးပြုနိုင်မည်ဆိုသည်ကို ယေဘုယျအားဖြင့် ဖော်ပြထားခြင်းမရှိပါ။ ထို့အပြင် စာရင်းစစ်ခြင်း သည်လည်း ငွေကြေးသုံးစွဲမှုနှင့် ပတ်သက်ပြီး ရရှိလာမည့် တန်ဖိုးအား ကြီးကြီးမားမား အဖြေထုတ်နိုင်ခြင်းမရှိပဲ အခြေခံအဆင့်အတွင်သာ ရှိနေဆဲဖြစ်ပါသည်။ မည်သို့ပင် ဆိုစေကာမူ အသိအမှတ်ပြုရမည်မှာ မြန်မာနိုင်ငံအစိုးရ အနေဖြင့် ဖွံ့ဖြိုးရေးနှင့် ပတ်သက်သော ဦးစားပေးရမည့်အရာများအတွက် အကြမ်းဖျဉ်းအားဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် အဆိုပါ ဦးစားပေးရမည့်အရာများအား သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ လွှဲပြောင်းနေရာချပေးရာတွင် ယခင်ကထက် ပိုမိုကောင်းမွန်စွာ လုပ်ဆောင်လာနိုင်သည်ကို အသိအမှတ်ပြုသင့်ပါသည်။ အထူးသဖြင့် လျှပ်စစ်နှင့် စွမ်းအင်၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဝန်ဆောင်မှုများအား အသိသာဆုံး တိုးမြှင့်ပေးခြင်းဖြစ်ပါသည်။[၂၄]
- ◆ သမိုင်းကြောင်းအရ ဥပမာအားဖြင့် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဖူလုံရေးကဲ့သို့သော လူမှုရေးကဏ္ဍများသို့ ဘက်ဂျက်ခွဲဝေပေးမှု အင်မတန်နည်းပါးခဲ့ပြီး စစ်ဘက်အသုံးစာရိတ်နှင့် လမ်းတည်ဆောက်ခြင်းများဆီသို့ ဘက်ဂျက်ခွဲဝေပေးမှု ပိုမိုမြင့်မားခဲ့ပါသည်။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများသို့ ငွေကြေးခွဲဝေပေးမှု အလျင်အမြန် တိုးမြင့်လာခဲ့သော်လည်း ၂၀၁၈/၂၀၁၉ ခုနှစ် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဖူလုံရေးတို့အတွက် စုစုပေါင်း (အမျိုးသားအဆင့်) ဘဏ္ဍာငွေခွဲဝေပေးမှုများမှာ ကာကွယ်ရေး အသုံးစရိတ်အတွက် ဘတ်ဂျက်ခွဲဝေပေးမှု အောက်တွင်သာ ရှိနေဆဲဖြစ်ပါသည်။[၂၅]
- ◆ ဘတ်ဂျက်အကောင်အထည်ဖော်မှုနှုန်းမှာလည်း နည်းပါးနေပါသည်။ ဥပမာအားဖြင့် ၂၀၁၃/၂၀၁၄ ခုနှစ်မှ စတင်ကာ ထိပ်တန်းသုံးစွဲမှုအများဆုံး ဝန်ကြီးဌာန ၁၀ ခုတွင် တစ်ခုမျှ ၎င်းတို့၏ နှစ်စဉ် ဘက်ဂျက်ခွဲတမ်းအား ၁၀၀% အပြည့်သုံးစွဲနိုင်ခြင်းမရှိပါ။ ၂၀၁၆/၂၀၁၇ တွင် အဓိက ဝန်ကြီးဌာနများ ဖြစ်သော ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် စွမ်းအင်ဝန်ကြီးဌာနတို့သည် ၎င်းတို့အား ခွဲဝေပေးထားသော ဘက်ဂျက်ထဲမှ အများဆုံး ၉၀% ကိုသာ သုံးစွဲနိုင်ခဲ့ကြပါသည်။ လတ်တလော တွေ့ရှိရသော အချက်အလက်များအရ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနသည် ၎င်းတို့ ခွဲတမ်းရသော ဘက်ဂျက်၏ ၇၀% ကိုသာ အသုံးပြုခဲ့ကြောင်း ပြနေပါသည်။[၂၆]
- ◆ ဦးသိန်းစိန်အစိုးရလက်ထက်တွင် မြန်မာနိုင်ငံအစိုးရသည် 'အောက်မှအပေါ်သို့' အစီအစဉ် ချမှတ်ရေးနှင့်

ဘက်ဂျက်ရေးဆွဲခြင်း စနစ်များကို စတင်မိတ်ဆက်ကျင့်သုံးလာခဲ့ပါသည်။ သို့သော်လည်း ၎င်းလုပ်ဆောင်ချက်၏ သက်ရောက်မှုမှာ အကန့်အသတ်ရှိခဲ့ပါသည်။ တစ်စိတ်တစ်ပိုင်းအနေဖြင့် မြန်မာနိုင်ငံ၏ အစီအစဉ်ချမှတ်ခြင်းနှင့် ဘက်ဂျက်ရေးဆွဲခြင်းများကို အမျိုးသားအဆင့်မှ ဆက်လက်ထိန်းချုပ်ထားခြင်းအပါအဝင် အခြားသော အကြောင်းအရင်းများကြောင့် ဖြစ်ပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသာ ခြွင်းချက်တစ်စိတ်တစ်ဒေသအနေဖြင့် နိုင်ငံသားများ၏ လုပ်ငန်းစဉ်အတွင်း တိုက်ရိုက်ထိတွေ့ဆောင်ရွက်ခြင်း၏ အရေးကြီးပုံကို မြန်မာနိုင်ငံအစိုးရ ဝန်ထမ်းများအကြား အနည်းငယ်မျှသာ နားလည်သဘောပေါက်မှု ရှိထားပါသည်။ ထိုအစား 'အောက်မှအပေါ်သို့' လုပ်ဆောင်ခြင်းအား မြို့ပြအဆင့် သို့မဟုတ် အများဆုံးအနေဖြင့် ကျေးရွာအုပ်စု/ရပ်ကွက် ခေါင်းဆောင်ထံမှ သတင်းအချက်အလက်များ စီးဆင်းခြင်းဖြစ်သည်ဟူသော အဓိပ္ပာယ်အဖြစ် ယေဘုယျအားဖြင့် ထင်မြင်ယူဆထားကြပြီး ပြည်သူပြည်သားများ ထိတွေ့ပါဝင်ခြင်း၏ အရေးကြီးပုံကို အနည်းငယ်မျှသာ နားလည်သဘောပေါက်ခြင်းရှိထားပါသည်။ ပြည်သူပြည်သားများ ပါဝင်ဆောင်ရွက်ခြင်းကို မြှင့်တင်ရာတွင် အောင်မြင်မှုမရှိခြင်း၏ တိုင်းတာချက်များအနေဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်သူများအနေဖြင့် အကြိမ်ရေမည်မျှ သို့မဟုတ် မည်သည့်အခြေအနေမျိုးတွင် အများပြည်သူအစည်းအဝေးပွဲများကို ကျင်းပရမည်ဟူသော စည်းမျဉ်းစည်းကမ်းမျိုး လုံးလုံးကင်းမဲ့ခြင်းကို ကြည့်ခြင်းအားဖြင့် သိနိုင်ပြီး၊ ရပ်ကွက်အတော်များများနှင့် ကျေးရွာအုပ်စု အတော်များများတွင် အများပြည်သူအစည်းအဝေးများမှာ ရှားပါးခြင်း သို့မဟုတ် လုံးဝလုပ်ဆောင်မှုမရှိခြင်းမျိုး ဖြစ်နေပါသည်။[၂၇] စစ်မှန်သော 'အောက်မှအပေါ်သို့' စီမံကိန်းရေးဆွဲခြင်းနှင့် ဘက်ဂျက်ရေးဆွဲခြင်းတို့သည် မြို့နယ်အဆင့်၌ ဘက်ပေါင်းစုံ စီမံကိန်းရေးဆွဲခြင်းနှင့် ဘက်ဂျက်ရေးဆွဲခြင်းတို့ ကင်းမဲ့နေသောကြောင့် ပြင်းထန်စွာ ထိခိုက်မှုများ ရှိနေပါသည်။[၂၈] အဆိုပါ အကြောင်းအရင်းကြောင့် ထင်ထားသည့်အတိုင်း ရပ်ကွက်နှင့် ကျေးရွာအများအပြားတွင် ၎င်းတို့အနေဖြင့် အစိုးရ၏ ဘက်ဂျက်များအပေါ် လွှမ်းမိုးနိုင်သည့် အခွင့်အရေးနည်းပါးကြောင်း သို့မဟုတ် အခွင့်အရေးလုံးဝမရှိကြောင်း ခံစားနေရသည့် ရလဒ်များ ဖြစ်ပေါ်လာစေပါသည်။[၂၉] နိုင်ငံသားဘတ်ဂျက် လုပ်ငန်းစဉ်များအား မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းများတွင် မိတ်ဆက်ပေးခဲ့ပြီး ဖြစ်ပြီး၊ လတ်တလောတွင် တောင်ကြီးစည်ပင်သာယာရေးအဖွဲ့ သည် (Development Affairs Organization - DAO) သည် ၎င်းတို့၏ ဘက်ဂျက်ကို ပထမဆုံးထုတ်ပြန်သော အဖွဲ့ဖြစ်လာခဲ့သည်။ အဆိုပါ လုပ်ဆောင်ချက်များသည် 'အောက်မှအထက်သို့' စီမံကိန်းရေးဆွဲမှုများနှင့် ဘက်ဂျက်ရေးဆွဲမှုများ အပေါ် အပြုသဘောဆောင်စွာ ထောက်ပံ့ပေးနိုင်ပြီး၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူတာဝန်ခံမှုကို မြှင့်တင်ပေးနိုင်မည့် အလားအလာရှိနေပါသည်။ သို့သော် ထိုကိစ္စများမှာ ကနဦးအစပျိုးမှုအဆင့်တွင် သာရှိနေသေးပြီး ပိုမိုကျယ်ပြန့်သော ပြုပြင်ပြောင်းလဲမှုများ လိုအပ်ပါသည်။ (အပိုင်း ၃.၃ ကိုကြည့်ပါ။)

- ဘတ်ဂျက်ပွင့်လင်းမြင်သာမှု အကန့်အသတ်ရှိနေခြင်း။ ၁) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (Ministry of Planning and Finance - MoPF) အနေဖြင့် ဝန်ကြီးဌာနများ၏ 'အခြားအကြောင်းအရာများ' အတွက်အသုံးပြုခြင်းမှ တစ်ဆင့် ဘက်ဂျက်နှင့် သက်ဆိုင်မှုမရှိသော အကျယ်တဝင့် သုံးစွဲမှုများကြောင့်သော်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဝင်ငွေနှင့် အသုံးစရိတ်များနှင့် ပတ်သက်ပြီး အသေးစိတ် တင်ပြခြင်း မရှိသောကြောင့် သော်လည်းကောင်း မပြည့်စုံသော အချက်အလက်များသာ ရရှိနေပါသည်။ ၂) MoPF အနေဖြင့် ၎င်း၏ ဘတ်ဂျက် အချက်အလက်များကို အများပြည်သူများအား အနည်းငယ်မျှသာ ဝေမျှပေးပါသည်။[၃၀]
- မြန်မာနိုင်ငံအစိုးရ၏ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းအပိုင်းမှ အဓိကဆုံးဖြတ်ချက် ချမှတ်သူများသည် ကျား-မရေးရာနားလည်သဘောပေါက်မှုအား ၎င်းတို့ လုပ်ဆောင်ချက်များထဲသို့ ထည့်သွင်းရန် အသိပညာ နည်းပါးနေခြင်း သို့မဟုတ် စိတ်ဝင်စားမှုနည်းပါးခြင်းတို့ ဖြစ်ပါသည်။ လူအများအနေဖြင့် 'ကျား-မရေးရာ' အား မြန်မာနိုင်ငံနှင့် သက်ဆိုင်မှုမရှိသော သို့မဟုတ် လုံးဝ သက်ဆိုင်မှုမရှိသော နိုင်ငံခြားအယူအဆတစ်ခု အနေဖြင့် မြင်ထားကြသည်မှာ အမှန်ပင် ဖြစ်ပါသည်။ ဆက်လက်၍ မြန်မာနိုင်ငံအစိုးရအတွင်း လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန - MoSWRR အား 'ကျား-မရေးရာ' ဝန်ကြီးဌာနအနေဖြင့် ကျယ်ပြန့်စွာ ထင်မြင်နေကြပါသည်။ ထို့ကြောင့် 'ကျား-မရေးရာ' ဟု အမည်ပါရှိသော လုပ်ငန်းစဉ်တိုင်း အား လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန - MoSWRR ၏ တာဝန်အနေဖြင့် မြင်တတ်ကြပါသည်။ MoSWRR သည် နိုင်ငံတော်ဘတ်ဂျက်၏ ၀.၄ ရာခိုင်နှုန်းကိုသာရရှိပြီး အခြားဝန်ကြီးဌာနများ၏ ဆုံးဖြတ်ချက်များ အပေါ် လွှမ်းမိုးမှုမရှိသလောက် နည်းပါးသော ဝန်ကြီးဌာန တစ်ခု ဖြစ်ပါသည်။[၃၁] လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန - MoSWRR အတွင်း 'ကျား-မရေးရာ' အမြစ်တွယ်နေမှု အတိုင်းအတာမှာ အလွန်ပြင်းထန်လှသောကြောင့် အခြားဝန်ကြီးဌာနများမှ အချို့ အရာရှိများအနေဖြင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန - MoSWRR နှင့်သာ သက်ဆိုင်သော လုပ်ငန်းများကို တာဝန်ယူနေသည်ဟု အမြင်ခံရမည်ကို စိုးရိမ်သောကြောင့် 'ကျား-မရေးရာ' ခေါင်းစဉ်ပါဝင်သော မည်သည့်စီမံကိန်းကိုမဆို ဆောင်ရွက်နိုင်ခြင်းမရှိဟု အကြံပြုလာသည်အထိ ဖြစ်ပါသည်။[၃၂]

ကမ္ဘာတစ်ဝှမ်းလုံးတွင် ဘက်ဂျက်ရေးဆွဲခြင်းနှင့် ပတ်သက်သော သုတေသနများနှင့် အကောင်အထည်ဖော်မှု လုပ်ဆောင်ချက်များကို အစိုးရ ဝင်ငွေနှင့် အသုံးစရိတ်အပေါ် အာရုံစိုက်ထားပြီး၊ ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်းသည်လည်း ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး ခြွင်းချက်အနေဖြင့် ပါဝင်ခြင်းမရှိပါ။ မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံတွင် ဘက်ဂျက်ရေးရာနှင့် ပတ်သက်ပြီး အခြားသော အဓိက အုပ်ချုပ်ရေးပိုင်းများ ပါဝင်နေသည်ကို သတိပြုရန် အရေးကြီးပါသည်။

၁။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (Ethnic Armed Oragnizations - EAOs) အနေဖြင့် ၎င်းတို့ထိန်းချုပ်ထားသော ဒေသများနှင့် ပူးတွဲအုပ်ချုပ်မှုရှိသော ဒေသများတွင် အခွန်တော် ကောက်ယူခြင်းနှင့် ဝန်ဆောင်ပေးခြင်းများနှင့် ပတ်သက်ပြီး အရေးပါသော အခန်းကဏ္ဍတွင် ရှိနေပါသည်။ နယ်ခြား စောင့်တပ်များနှင့် ပြည်သူ့စစ်များသည်လည်း ၎င်းတို့ ထိန်းချုပ်နေသော ဒေသများတွင် သိသာထင်ရှားသော ဘတ်ဂျက်ဆိုင်ရာ အခန်းကဏ္ဍများ ရှိကြပါသည်။

၂။ မြန်မာနိုင်ငံ ကျေးလက်ဒေသများနှင့် မြို့ပြတစ်ခွင်တွင် ဒေသခံရပ်ရွာများအနေဖြင့် အစိုးရထံမှ ထည့်ဝင်မှုကို ရယူခြင်းမရှိပဲ၊ နှင့်/သို့မဟုတ် ဒေသခံအာဏာပိုင်များထံမှ အနည်းငယ်သော ထောက်ပံ့ပို့ဆောင်ရေး သို့မဟုတ် ဘဏ္ဍာရေး ထောက်ပံ့မှုအချို့အားဖြင့် အများပြည်သူဆိုင်ရာ အခြေခံဝန်ဆောင်မှုများအတွက် ကိုယ်တိုင် စီမံခန့်ခွဲကာ ရန်ပုံငွေ ထောက်ပံ့ခြင်းကို အင်မတန် တွေ့ရများလေ့ရှိပါသည်။ ဒေသခံအာဏာပိုင်များမှ ထောက်ပံ့ပေးနေသော ဝန်ဆောင်မှုများမှာ ကွဲပြားပြီး၊ တစ်နေရာနှင့် တစ်နေရာ တူညီလေ့မရှိကြပါ။ သို့သော် ထိုအထဲတွင် လမ်းများ၊ တံတားများ၊ ရေစီးမြောင်းများ၊ ရေပိုက်လိုင်းများ၊ အမှိုက်စွန့်ပစ်ခြင်း၊ လမ်းမီး၊ လျှပ်စစ်နှင့် နိုင်ငံသားများ ကြုံတွေ့နေရသော ကုန်ကျစရိတ်များ/အန္တရာယ် အမျိုးမျိုးအတွက် အာမခံများ ပါဝင်ပါသည်။ ထိုကဲ့သို့သော ဝန်ဆောင်မှုပေးခြင်းပမာဏမှာ အင်မတန်ကြီးမားပါသည်။ တောင်ငူမြို့နှင့် တောင်ကြီးမြို့နယ်များကို အသေးစိတ်လေ့လာရာမှ တွေ့ရှိရသည်မှာ နိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံအစိုးရအား တရားဝင်အခွန်ပေးဆောင်သည့်နှုန်းထက် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အစိုးရ-ပြင်ပအဖွဲ့အစည်းဖက်စပ် ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများထံသို့ နှစ်ဆမျှ ထည့်ဝင်လေ့ရှိသည်ကို (လုပ်အားခမရသော လုပ်အားပမာဏများစွာလည်း ပါဝင်သည်) ဖြစ်ပါသည်။[၃၄]

အပိုင်း ၃.၁ တွင် တွေ့ရှိခဲ့ရသည့်အတိုင်း NSPAW သည် ၎င်းအား အကောင်အထည်ဖော်ရမည့် ဆယ်နှစ်တာ ကာလ ထက်ဝက်ကျော်ကို ရောက်ရှိလာခဲ့သော်လည်း မြန်မာနိုင်ငံရှိ မူဝါဒချမှတ်ခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတို့အပေါ် အကန့်အသတ်များစွာရှိသော သက်ရောက်မှုများကိုသာ တွေ့ရှိခဲ့ရပါသည်။ လွန်ခဲ့သော ငါးနှစ်အတွင်း အချို့သော အစိုးရမဟုတ်သော အဖွဲ့အစည်းများ (Non-Governmental Oragnizations –NGOs) များနှင့် UN WOMEN တို့မှ ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ အကန့်အသတ်ရှိသော ဆောင်ရွက်ချက်များကိုသာ လုပ်ဆောင်ခဲ့ကြပါသည်။ သို့သော် ယခုအချိန်အထိ ထိုလုပ်ဆောင်ချက်များ သည်လည်း မြန်မာနိုင်ငံအစိုးရ၏ ဘတ်ဂျက်ရေးဆွဲမှုအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ခဲ့ခြင်းမရှိပါ။ အခုအချိန်မှစ၍ မြန်မာနိုင်ငံရှိ ကျား-မရေးရာဘတ်ဂျက်ရေးဆွဲခြင်း လုပ်ဆောင်ချက် များကို မည်ကဲ့သို့ ချဉ်းကပ်ရမည်ကို သေချာစွာ ပြန်လည်စဉ်းစားရန် လိုအပ်လာပြီ ဖြစ်ပြီး၊ ထိုအခြင်းအရာကို အောက်တွင်ပါရှိသော အပိုင်း ၃.၃ နှင့် ၄ တွင် လေ့လာဖော်ထုတ်ထားပါသည်။

## ၃.၃။ မြန်မာနိုင်ငံ၌ ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲမှုဆိုင်ရာ လက်တွေ့ကျသည့် ဦးတည်ချက်များ

မြန်မာနိုင်ငံ ဘတ်ဂျက်စနစ်၏ သက်ဆိုင်ရာ ဝိသေသလက္ခဏာများနှင့် ကန့်သတ်ချက်များအရ အပိုင်း ၂.၁ တွင် ဖော်ပြခဲ့သော ကျား-မရေးရာဘတ်ဂျက်ရေးဆွဲခြင်းများအတွက် ပုံစံချထားသော စံနှုန်းလုပ်ငန်းစဉ်များကို လိုက်နာလုပ်ဆောင်ပါက သင့်လျော်မှုရှိမည်မဟုတ်ဟူသော အဓိပ္ပာယ်သက်ရောက်မှုရှိနေပါသည်။ ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း မြန်မာနိုင်ငံတွင် အောင်မြင်မှုရရှိရန်အတွက် လုပ်ငန်းဆောင်ရွက်ချက်များကို နိုင်ငံ၏ ဒေသအခြေအနေနှင့်လိုက်ပြီး အံဝင်ခွင်ကျစီမံထားရန်နှင့် လွန်ကဲစွာ ရည်မှန်းချက်မကြီးရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် လာမည့် နှစ်အနည်းငယ်အတွင်း မြန်မာနိုင်ငံအစိုးရအား အခွန်ဆိုင်ရာဖြစ်ရပ်များကို ကျယ်ပြန့်ပြည့်စုံစွာ စိစစ်မှုလုပ်ဆောင်ရန် သို့မဟုတ် ဝန်ကြီးဌာနအားလုံးနှင့် ဦးစီးဌာနအားလုံးများအား ရေရှည်ရလဒ်များနှင့် ရေတိုရလဒ်များမှ ရလဒ်များကို ကောက်ယူရန်နှင့် ခွဲခြမ်းစိတ်ဖြာမှုလုပ်ဆောင်ရန် မျှော်လင့်ထားခြင်းသည် လက်တွေ့မကျပါ။ အပိုင်း ၃.၃ ၏ နောက်ဆက်တွဲ ကျန်ရှိသော အပိုင်းများတွင် လာမည့်နှစ်အနည်းငယ်အတွင်း မြန်မာနိုင်ငံရှိ ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်းများနှင့် ပတ်သက်ပြီး လုပ်ဆောင်ရန် လက်တွေ့ကျပြီး ဖြစ်နိုင်ချေရှိသော လမ်းကြောင်းများကို အဆိုပြုရန် ကြိုးစားထားပါသည်။

ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲမှု လုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာအာဏာပိုင်ပုဂ္ဂိုလ်များ (အပိုင်း၂.၂ကို ကြည့်ပါ။) ထံမှ လုပ်ဆောင်ချက် သဘောတူညီမှုရရှိထားရန် အရေးကြီးပါသည်။ အစိုးရအဆင့်အထိ ကျယ်ပြန့်သော ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များတွင် ထိုကဲ့သို့ လုပ်ဆောင်ရန်အတွက် နိုင်ငံတော်အဆင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန အနေဖြင့် ဦးဆောင်နေရာတွင် ရှိထားရန် လိုအပ်ပြီး စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မှ ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်းအား သဘောတူ လက်ခံလာရန်အတွက်

စည်းရုံးသိမ်းသွင်းနိုင်ရန် သင့်လျော်သော စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်သင့်သည်။ ထိုကဲ့သို့သော ထိတွေ့လုပ်ဆောင်ချက်များ မရှိပါက မိမိတို့၏ ကိုယ်ပိုင်ဘတ်ဂျက်များအပေါ် သိသာထင်ရှားသော အတိုင်းအတာအထိ လွှမ်းမိုးနိုင်သော အခြားအာဏာပိုင်ပုဂ္ဂိုလ်များနှင့် အဆိုပါ ပုဂ္ဂိုလ်များအတွင်းရှိ ဆုံးဖြတ်ချက်ချမှတ်နိုင်စွမ်းရှိသော အကြီးတန်းအရာရှိများ ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲမှုကို ထိတွေ့လုပ်ဆောင်ပြီး စိတ်ပါဝင်စားနိုင်သော အခြေအနေမျိုးသို့ ဦးတည်ကာ စည်းရုံးလှုံ့ဆော်ပြီး အတူတကွလုပ်ဆောင်နိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။ ဥပမာအားဖြင့် ၁) နိုင်ငံတော်အဆင့်တွင် သီးခြားဘဏ္ဍာရေး အသုံးပြုနေသော ဝန်ကြီးဌာနများ[၃၅] ၂) သီးခြား ပြည်နယ်/တိုင်း အစိုးရများ ၃) ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်နေသော သီးခြားအဖွဲ့အစည်းများ ၄) မြို့နယ်စီမံချက်ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ သီးခြားကော်မတီများ ဖြစ်ကြပါသည်။ ဘတ်ဂျက်ရေးဆွဲခြင်းတွင် တက်ကြွစွာ ပါဝင်နေကြသော အမျိုးသားအဆင့်၊ ပြည်နယ်/တိုင်း အဆင့်မှ လွှတ်တော် ကိုယ်စားလှယ်များကို ပစ်မှတ်ထားပါကလည်း အကျိုးအမြတ်အချို့ရရှိနိုင်ပါသည်။ ၎င်းပုဂ္ဂိုလ်များမှ တစ်ဆင့် ထိုကဲ့သို့ အောင်မြင်မှုများကို ရယူနိုင်ပါက နောက်ပိုင်းတွင် အခြားသူများလည်း ပါဝင်လာစေရန် စည်းရုံးရာ၌လည်း အသုံးပြုနိုင်ရန် မျှော်လင့်နိုင်ပါသည်။ ထပ်မံသတိပြုရန်လိုအပ်သည်မှာ နိုင်ငံ၏ ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်၏ အစောပိုင်းအဆင့်များတွင် ရှုပ်ထွေးသော လုပ်ငန်းတာဝန်များ ဖြစ်သည့် အများပြည်သူအသုံးစာရိတ်ပုံစံအားလုံးကို MoPF (စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန) မှ တစ်ဆင့်ရယူနိုင်ရန် ကြိုးစားမည့် အစား သက်ဆိုင်ရာ အများပြည်သူ အသုံးစရိတ် နယ်ပယ် တစ်ခုခု (ဥပမာ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးမွေးမြူရေး အစရှိသဖြင့်) နှင့် ပတ်သက်သော သင့်လျော်သည့် ဝန်ကြီးဌာန တစ်ခုခုအား တိုးတက်မှုရှိလာရန် ဆောင်ရွက်ပါက ပိုမိုလွယ်ကူနိုင်ပါသည်။[၃၆]

ပြည်နယ်နှင့်တိုင်းအားလုံးတွင် လက်ရှိလုပ်ဆောင်နေသော နိုင်ငံသားဘတ်ဂျက်လုပ်ငန်းစဉ်များသည် စမှတ် တစ်ခု ဖြစ်နိုင်ပါသည်။ သို့သော် အဆိုပါလုပ်ငန်းစဉ်များကို ဆက်လက်၍ လုပ်ဆောင်မည်ဆိုပါက သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများလည်း ထိတွေ့ဆောင်ရွက်မှုရှိရန် လိုအပ်ပါသည်။ အစိုးရပါဝင်မှုနည်းပါးသော သို့မဟုတ် ပါဝင်မှုမရှိသော အရပ်ဖက်အဖွဲ့အစည်းများခေါင်းဆောင်သော ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များကို အခြားနေရာများတွင် စမ်းသပ်လုပ်ဆောင်ကြည့်ပါက အောင်မြင်မှုမရှိခဲ့ပါ။ (အပိုင်း ၂.၂ ကို ကြည့်ပါ။)

သက်ဆိုင်ရာအစိုးရအရာရှိများအား စည်းရုံးလှုံ့ဆော်ခြင်းပြုလုပ်ရာတွင် ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း၏ ဖြစ်နိုင်ချေ အလားအလာများကို မီးမောင်းထိုးပြရန်လိုအပ်သည်။ ထိုအရာများမှာ ၁)လူ့အသိုင်းအဝိုင်းအတွင်းရှိ မညီမျှမှုများအား

ထိတွေ့လုပ်ဆောင်ချက်များ မရှိပါက မိမိတို့၏ ကိုယ်ပိုင်ဘတ်ဂျက်များအပေါ်သိသာထင်ရှားသော အတိုင်းအတာအထိ လွှမ်းမိုးနိုင်သော အခြားအာဏာပိုင် ပုဂ္ဂိုလ်များနှင့် အဆိုပါ ပုဂ္ဂိုလ်များအတွင်းရှိ ဆုံးဖြတ်ချက် ချမှတ်နိုင်စွမ်းရှိသော အကြီးတန်းအရာရှိများ ကျား–မရေးရာ ဘတ်ဂျက်ရေးဆွဲမှုကို ထိတွေ့လုပ်ဆောင်ပြီး စိတ်ပါဝင်စားနိုင်သော အခြေအနေမျိုးသို့ ဦးတည်ကာ စည်းရုံးလှုံ့ဆော်ပြီး အတူတကွလုပ်ဆောင်နိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။

လျှော့ချခြင်း၊ ၂) စီးပွားရေးတိုးတက်မှုအပေါ် အကျိုးရှိစေခြင်း၊ ၃) အစိုးရ၏ ဘဏ္ဍာငွေသုံးစွဲမှုများကို ပိုမိုအကျိုးဖြစ်ထွန်းမှုရှိစေခြင်း၊ ၄) စီဒေါ (CEDAW)၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တန့်ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)နှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များ (SDGs) တို့အောက်တွင် မြန်မာနိုင်ငံအား ၎င်း၏ ကတိပြုချက်များအား ပြည့်မီအောင်လုပ်ဆောင်နိုင်ရန် အကူအညီပေးခြင်းတို့ ဖြစ်ပါသည်။ အကယ်၍ ဘတ်ဂျက် ရေရှည်ရလဒ်များနှင့် ရေတိုရလဒ်များနှင့် ပတ်သက်ပြီး သက်ဆိုင်သော အချက်အလက်များ ရှိနေပါက စည်းရုံးလှုံ့ဆော်မှုအတွက် အဆိုပါအချက်အလက်များကို အကျိုးရှိအောင် အသုံးပြုသင့်ပါသည်။ ဥပမာအားဖြင့် ပညာရေးအတွက် အောက်ပါတို့ကို ဆွေးနွေးသုံးသပ်နိုင်ပါသည်။

၁။ ကျောင်းအပ်နှုန်းများမှာ (ဥပမာ ဘတ်ဂျက်၏ ချက်ခြင်းရလဒ်) အသက် ၁၅ နှစ်အရွယ် (ဥပမာ လတ်တလောအချိန်အထိ မြန်မာနိုင်ငံတွင် အထက်တန်းကျောင်းများ ပြီးဆုံးသည့် အသက်ရွယ်ပတ်ဝန်းကျင်) အထိ မိန်းကလေးများနှင့် ယောကျ်ားလေးဦးရေ ခန့်မှန်းချေအားဖြင့် ညီမျှမှုရှိပြီး၊ အသက်အရွယ် ၁၆-၁၉ နှစ်အတွင်း မိန်းကလေးများ၏ ကျောင်းအပ်နှုန်းမှာ ယောကျ်ားလေးများ၏ ကျောင်းအပ်နှံ ပိုမိုဖြစ်နိုင်ချေရှိကာ ကွဲပြားသွားပါသည်။ ထို့နောက်ပိုင်းတွင် မိန်းကလေးများမှာ ယောကျ်ားလေးများထက်

တက္ကသိုလ်အတန်းများသို့ အပ်နှံမှု ပိုမိုဖြစ်နိုင်ချေရှိပါသည်။[၂၇] ၂၀၁၂ ခုနှစ် အချက်အလက်များတွင် တွေ့ရှိရသည်မှာ တက္ကသိုလ်ကျောင်းသားများ၏ သုံးပုံနှစ်ပုံခန့်မှာ မိန်းကလေးများ ဖြစ်နေပါသည်။[၂၈]

၂။ စာမေးပွဲရလဒ်များ (ဉပမာ ဘက်ဂျက် ရေရှည်ရလဒ်) မှာ ကျားမအရကွဲပြားမှု ရှိနိုင်ပါသည်။ ဉပမာအားဖြင့် မိန်းကလေးများမှာ ယောက်ျားလေးများထက် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ပိုမိုကောင်းမွန်စွာ ဖြေဆိုနိုင်ကြလေ့ရှိပြီး၊ အမှတ်ကွာခြားမှုများ လွန်းသောကြောင့် မြန်မာနိုင်ငံအစိုးရ အနေဖြင့် သက်ဆိုင်ရာ ထိပ်တန်း တက္ကသိုလ်များ (ဉပမာ ဆေးတက္ကသိုလ်နှင့် အင်ဂျင်နီယာ) သို့ ယောက်ျားလေးများ ဝင်ခွင့် အနိမ့်ဆုံးအဆင့် ခွဲတမ်းကို သတ်မှတ်ထားပေးရပါသည်။

ဉပမာအားဖြင့် မိန်းကလေးများမှာ ယောက်ျားလေးများထက် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ပိုမိုကောင်းမွန်စွာ ဖြေဆိုနိုင်ကြလေ့ရှိပြီး၊ အမှတ်ကွာခြားမှုများလွန်းသောကြောင့် မြန်မာနိုင်ငံအစိုးရ အနေဖြင့် သက်ဆိုင်ရာထိပ်တန်း တက္ကသိုလ်များ (ဉပမာ ဆေးတက္ကသိုလ်နှင့် အင်ဂျင်နီယာ) သို့ ယောက်ျားလေးများ ဝင်ခွင့် အနိမ့်ဆုံးအဆင့် ခွဲတမ်းကို သတ်မှတ်ထားပေးရပါသည်

၃။ ပိုမိုကောင်းမွန်သော မူဝါဒချမှတ်မှုများ အကြံပြုနိုင်ရန်အတွက် အဆိုပါသတင်းအချက်အလက်များကို မည်ကဲ့သို့ အသုံးပြုနိုင်မည်နည်း။ ဉပမာ အဆိုပါ ကွဲပြားမှုများကို မည်သည့်အရာများက ဖြစ်ပေါ်စေသည် ဆိုသည်နှင့် ယောက်ျားလေးများ၏ ကျောင်းရမှတ်များနှင့် တက္ကသိုလ်တက်ရောက်မှုများအား တိုးတက်လာစေရန် မည်ကဲ့သို့ ကြိုးစားလုပ်ဆောင်နိုင်မည်ကို နားလည်ရန် ကြိုးစားရန် ဖြစ်သည်။[၂၉]

မြန်မာနိုင်ငံအစိုးရမှ ကောက်ယူထားပြီးသားဖြစ်သော သို့မဟုတ် မကြာခင် စတင်ကောက်ယူမည့် ချက်ခြင်းရလဒ် သို့မဟုတ် ရေရှည်ရလဒ်တို့၏ ကျား-မရေးရာခွဲခြားထားသော အချို့သော အချက်အလက် ဉပမာများကို နောက်ဆက်တွဲ ၂ တွင် တွေ့ရှိနိုင်ပါသည်။ အချို့သော အချက်အလက်များကို အရပ်ဖက်အဖွဲ့ အစည်း (Civil Society Organization - CSO) များ၏ နှစ်ပတ်လည် စာရင်းအင်းနှစ်ချုပ်စာအုပ်တွင် ထည့်သွင်းပေးထားပြီး၊ ထို့ထက်ပိုသော အချက်အလက်များကို သက်ဆိုင်ရာ ကဏ္ဍများတွင် လုပ်ကိုင်နေကြသော မြန်မာနိုင်ငံအစိုးရ ဝန်ထမ်းများနှင့် နည်းပညာရှင်များမှ သိရှိထားကြမည် ဖြစ်ပါသည်။ ထိုကဲ့သို့သော အချက်အလက်များကို သက်ဆိုင်ရာ ကဏ္ဍများတွင် လုပ်ကိုင်နေသော ဝန်ကြီးဌာနများ၊ဦးစီးဌာနများ၊ မြန်မာနိုင်ငံအစိုးရ အရာရှိများအား ဦးတည်စည်းရုံး လှုံ့ဆော်မှုများအတွက် အသုံးပြုနိုင်ပါသည်။ ယခုလက်ရှိ အခြေအနေမျိုးတွင် ဘဏ္ဍာငွေအသုံးချနေသော ဝန်ကြီးဌာနများမှ ဝန်ထမ်းများသည် ၎င်းတို့၏ ဘဏ္ဍာငွေအသုံးချမှုများ သက်ရောက်မှုကို တိုးမြှင့်နိုင်စေရန် ချက်ခြင်းရလဒ်များနှင့် ရေရှည်ရလဒ်များကို အသုံးပြုခြင်း လုပ်ငန်းစဉ်များနှင့် ရင်းနှီးမှုမရှိသေးပါ။ သို့သော် ထိုကဲ့သို့သော လုပ်ငန်းစဉ်များအကြောင်း ရိုးရှင်းလွယ်ကူစွာဖြင့် ရှင်းပြပေးနိုင်ပါသည်။

ဉပမာ MoPF (စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)၊ နိုင်ငံတော် အဆင့်ဘဏ္ဍာငွေအသုံးချနေသော ဝန်ကြီးဌာန၊ ပြည်နယ်/တိုင်း အစိုးရများ၊ သို့မဟုတ် DAO (စည်ပင်သာယာရေးအဖွဲ့များ) ကဲ့သို့သော သင့်လျော်သော အစိုးရအဖွဲ့များမှ ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲမှုအား လက်ခံအသုံးပြုရန် စိတ်ဝင်စားမှုရှိလာပါက အဓိကအကြောင်းအရာ လေးချက်အား တိုးတက်လာစေရန် လုပ်ဆောင်နိုင်ပါသည်။

### ၁။ ဘတ်ဂျက်များအား မည်ကဲ့သို့ ခွဲဝေသင့်သနည်း။

ထိုအထဲတွင် ပါဝင်သည်များမှာ ၁) ကျား-မရေးရာ တန်းတူညီမျှမှု ဦးတည်ချက်များကို ထည့်သွင်းထားသော ဖွံ့ဖြိုးရေး/မူဝါဒ ပန်းတိုင်များကို ချမှတ်ခြင်းနှင့် ရန်ပုံငွေများကို သင့်လျော်သလို ချိန်ဆခြင်း ၂) ဘတ်ဂျက်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်းထဲသို့ မည်ကဲ့သို့ ဘတ်ဂျက်များကို ခွဲဝေပေးရမည်ဆိုသည်နှင့် ပတ်သက်ပြီး နိုင်ငံသားများ၏ လိုလားမှုများနှင့် ပတ်သက်သည့် အကန့်အသတ်ရှိသော အချက်အလက်များကို ထည့်သွင်းပြီး၊ ထိုကဲ့သို့ အချက်အလက်များကို ပိုမိုကောက်ယူခြင်း[၄၀] ၃) မြန်မာနိုင်ငံရှိ ဖွံ့ဖြိုးရေးဆိုင်ရာ ရေရှည်ရလဒ်များနှင့် ပတ်သက်သည့် ရှိရင်းစွဲ ကျား-မရေးရာခွဲခြားကောက်ယူထားသော အချက်အလက်များကို ဝန်ဆောင်မှုခြင်းနှင့် ပတ်သက်ပြီး တိုးတက်လာသော/ ဘဏ္ဍာငွေထပ်မံသုံးစွဲရမည်ဖြစ်သော အဓိကနယ်ပယ်များကို ရှာဖွေဖော်ထုတ်ရန်အတွက် အသုံးပြုခြင်း ၄) ဘတ်ဂျက်ဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်မှုအတွင်းသို့ အမျိုးသမီးများနှင့် အမျိုးသားများ အချိန်ပေးမှုနှင့် ပတ်သက်ပြီး အကန့်အသတ်ရှိသော ရှိရင်းစွဲအချက်အလက်များကို ထည့်သွင်းပြီး၊ ထိုကဲ့သို့သော အချက်အလက်များကို ထပ်မံကောက်ယူခြင်းတို့ ဖြစ်ကြပါသည်။

### ၂။ ဝန်ဆောင်မှုများကို မည်ကဲ့သို့ ပေးသင့်သနည်း။

ချက်ခြင်းရလဒ်များ၊ ရေရှည်ရလဒ်များနှင့် ပတ်သက်ပြီး ကျား-မရေးရာ ခွဲခြားကောက်ယူထားသော ရှိရင်းစွဲ အချက်အလက်များကို လေ့လာဆန်းစစ်ခြင်းအားဖြင့် အစပြုနိုင်ပြီး နောက်ပိုင်းတွင် ထိုကဲ့သို့သော အချက်အလက်များကို ထပ်မံကောက်ယူကာ လေ့လာဆန်းစစ်ခြင်းမျိုး လုပ်ဆောင်နိုင်ပါသည်။ ချက်ခြင်းရလဒ်နှင့် ရေရှည်ရလဒ်များမှ အသေးစိတ်အချက်အလက်များ မရှိနိုင်ခဲ့သော်လည်း ချက်ခြင်းရလဒ်နှင့် ရေရှည်ရလဒ်များ၏ လက်ခံရရှိမှုအပေါ် သက်ရောက်မှုရှိနိုင်သော ကဏ္ဍများနှင့် ပတ်သက်ပြီး ထည့်သွင်းစဉ်းစားရာတွင် အသုံးဝင်နိုင်ပြီး အဆိုပါထည့်သွင်းစဉ်းစားမှုများကို ဘတ်ဂျက်ရေးဆွဲခြင်းနှင့် ပတ်သက်ပြီး အသိပေးရာတွင် အသုံးပြုနိုင်ပါသည်။ ဥပမာအားဖြင့် ပြည်သူ့ဝန်ဆောင်မှုပေးရာတွင် မည်ကဲ့သို့သော အရည်အသွေးနှင့် ကုန်ကျစရိတ် အကျိုးဖြစ်ထွန်းမှုများ ရှိသနည်း။ နိုင်ငံသားများမှ ဝန်ဆောင်မှုများကို မည်ကဲ့သို့ လွယ်ကူစွာ ရယူနိုင်ပြီး၊ အမျိုးသမီးများနှင့် အမျိုးသားများအတွက် မည်သည့်အတိုင်းအတာအထိ ကွဲပြားမှု ရှိနိုင်သနည်း။

### ၃။ အမျိုးသမီးအခွင့်အရေးနှင့် ကျား-မရေးရာတန်းတူညီမျှမှုကို မြှင့်တင်နိုင်ရန် ရှိရင်းစွဲ မူဝါဒများ။

အဆိုပါ မူဝါဒများကို အကောင်အထည်ဖော်ရာတွင် လုံလောက်သော ရန်ပုံငွေရှိစေရန် သေချာစေခြင်း။

### ၄။ ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် ပါဝင်ဆောင်ရွက်ခြင်း။

ဒေသန္တရအဆင့်၌ ထိုကဲ့သို့လုပ်ဆောင်ချက်များ အတွက် သတ်မှတ်ထားသော နယ်ပယ်အတိုင်းအတာများရှိပါသည်။ ဥပမာအားဖြင့် ၁) ပြည်နယ်/တိုင်း နိုင်ငံသားဘတ်ဂျက် လုပ်ငန်းစဉ်များမှ တစ်ဆင့်လုပ်ဆောင်ခြင်း ၂) ကျေးရွာ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အဆင့်တို့တွင် အကျိုးရှိသော ပါဝင်ဆောင်ရွက်မှုများကို မြှင့်တင်ခြင်းတို့ ဖြစ်ပါသည်။ ၁) နှင့် ၂) အချက်နှစ်ခုလုံးအတွက် မည်သူများမှ ပါဝင်ဆောင်ရွက်မည် (ဥပမာ ကျား-မရေးရာ၊ အသက်အရွယ်၊ လူမှုစီးပွားရေး အခြေအနေ) ကို  ကြည့်ရှုစစ်ဆေးရန်နှင့် မည်ကဲ့သို့ ပါဝင်ဆောင်ရွက်မှု အရည်အသွေးမျိုး ရရှိနေသည်ကို ကြည့်ရှုရန် အရေးကြီးပါသည်။ ဥပမာအားဖြင့် လူတန်းစားအမျိုးမျိုးမှ အကြိမ်ရေမည်မျှ ပြောဆိုနိုင်ပြီး၊ ဆွေးနွေးနေသော ခေါင်းစဉ်အပေါ်တွင် မည်မျှ လွတ်လပ်စွာပြောဆိုခွင့်ရှိပြီး လွှမ်းမိုးနိုင်သည်၊ ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုများအနေဖြင့် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးမှုရှိမရှိနှင့် အမှန်တကယ် အရေးကြီးသော ပြဿနာများကို ဆွေးနွေးနေခြင်း ရှိမရှိတို့ ဖြစ်ပါသည်။[၄၁] ဒေသခံများပါဝင်မှုနှင့် စပ်လျဉ်း၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာခေါင်းဆောင်များအနေဖြင့် ပြည်သူပြည်သားအားလုံးကို ဖိတ်ခေါ်သော အများပြည်သူ စည်းဝေးပွဲများ (ဥပမာ တစ်လလျှင်တစ်ကြိမ်ခန့်) ကို ပုံမှန်ကျင်းပရန်လိုအပ်သည့် စည်းမျဉ်းများကို မိတ်ဆက်ပေးလျှင် ပိုမိုကောင်းမွန်မည်ဖြစ်ပါသည်။ ယခုအခိုက်အတန့်တွင် ထိုကဲ့သို့သော စည်းမျဉ်းများမရှိသေးပါ။ ထိုအချက်သည် ယခင်အစိုးရလက်အောက်တွင် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် မိတ်ဆက်ခဲ့သော ဘက်ဂျက်ရေးဆွဲခြင်းဆိုင်ရာ 'အောက်မှ အပေါ်သို့' လုပ်ငန်းစဉ်များ ကောင်းမွန်စွာ မလည်ပတ်နိုင်ရန် အတွက် အဓိကကျသော အတားအဆီးများ ဖြစ်ပါသည်။[၄၂] ထိုကဲ့သို့သော လိုအပ်ချက်များကို နိုင်ငံတော်အဆင့်တွင် မိတ်ဆက်ကျင့်သုံးပြီး တစ်နိုင်ငံလုံးတွင် အသုံးချသင့်ပါသည်။ သို့သော် အုပ်ချုပ်မှုပိုင်းတွင် နိုင်ငံသားများပါဝင်မှုအား မြှင့်တင်ရန် စိတ်ပါဝင်စားသော သက်ဆိုင်ရာ ပြည်နယ်/တိုင်း အစိုးရအားလုံးမှာနေ၍ မိတ်ဆက်ကျင့်သုံးပေးနိုင်ပါသည်။ အဆိုပါ မူဝါဒများကို အစိုးရဘတ်ဂျက်ရေးဆွဲရေး အတွက် အဓိပ္ပာယ်ရှိလာစေရန် မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု အဆင့်၌ အမြင့်ဆုံးသတ်မှတ်ထားသော ဘတ်ဂျက်ပမာဏကို အနည်းဆုံးမိတ်ဆက်ပေးရန် လိုအပ်ပါသည်။ ထိုမှသာ မြင့်မားသော အဆင့်များ၌ မဟုတ်ပဲ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စုကဲ့သို့သော အဆင့်များ၌ စီမံကိန်း ဦးစားပေးမှုများ ဖြစ်ပေါ်လာမည် ဖြစ်သည်။ ထိုလုပ်ငန်းစဉ်အနေဖြင့် ဒေသအဆင့်များသို့ ဘဏ္ဍာရေးလုပ်ပိုင်ခွင့် ပိုမိုကြီးမားစွာ ချထားပေးခြင်းမှ ဆက်လက်အကျိုးအမြတ်များ ဖြစ်ထွန်းလာမည် ဖြစ်သည်။

မြန်မာနိုင်ငံအစိုးရ အဖွဲ့အစည်းများအား မြန်မာနိုင်ငံရှိ ကျား-မရေးရာဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များအတွက် အဓိကဦးတည်ချက်ထားသင့်ပါသည်။  ထို့အပြင် မြန်မာနိုင်ငံရှိ ဝန်ဆောင်မှုပေးခြင်းနှင့် ဘဏ္ဍာငွေ ကောက်ယူခြင်းများတွင် ပါဝင်ပတ်သက်နေသော အစိုးရမဟုတ်သည့် အဖွဲ့အစည်း အမျိုးမျိုးနှင့် တိုက်ရိုက်ဆက်သွယ်လုပ်ကိုင်ပါက လက်တွေ့ကျလိမ့်မည် မဟုတ်ပါ။ မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံရှိ ဘတ်ဂျက်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ချက်တိုင်းအတွက် ဘတ်ဂျက်နှင့် ပတ်သက်သော အဖွဲ့အစည်းများ မည်ကဲ့သို့ လည်ပတ်လုပ်ဆောင်နေသည်ကို ထည့်သွင်းစဉ်းစားရန်နှင့်  မြန်မာနိုင်ငံ အစိုးရ အနေဖြင့် ၎င်းတို့ လုပ်ဆောင်ချက်များကို မည်ကဲ့သို့ ကြိုးစားပြောင်းလဲရမည်နှင့် ပတ်သက်ပြီး အဘယ့်ကြောင့် ရှောင်လွှဲမရသော အရာတစ်ခုဖြစ်သည်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ထို့အပြင် အကယ်၍ ဝန်ဆောင်မှုပေးခြင်းများတွင် သိသာထင်ရှားသော အခန်းကဏ္ဍ ရယူထားသည့် EAO (တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ) မှ စိတ်ဝင်စားမှုရှိပါက ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များကို ၎င်းတို့အနေဖြင့် မည်ကဲ့သို့ အကျိုးရှိရှိအသုံးချနိုင်မည်ကို ၎င်းတို့နှင့် တိုက်ရိုက် ထိတွေ့ လုပ်ဆောင်လျှင် အကျိုးရှိနိုင်ပါသည်။

# ၄
# ကျား-မရေးရာထက် ကျော်လွန်လုပ်ဆောင်ခြင်း

ယခုစာရွက်စာတမ်း၏ အပိုင်း ၁-၃ တွင် ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်းကို မြန်မာနိုင်ငံတွင် မည်ကဲ့သို့ ကြိုးစား မိတ်ဆက်ပေးရမည်ဆိုသည်ကို ဆွေးနွေးခဲ့ပြီးဖြစ်ပြီး ကျား-မ ရေးရာ တန်းတူညီမျှမှုမရှိခြင်းများနှင့် ကွဲပြားမှုများအပေါ် အလေးပေးပြောဆိုခဲ့ပြီး ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ အခြားနိုင်ငံများတွင် ကဲ့သို့ပင် ကျား-မရေးရာသည် မြန်မာနိုင်ငံရှိ တန်းတူညီမျှမှုမရှိခြင်းနှင့် ကွဲပြားမှုများအတွက် တစ်ခုတည်း သော အကြောင်းအရင်းမဟုတ်ပါ။ ညာဏ်ရည်ညာဏ်သွေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာအဆင့် တွင် ကျား-မရေးရာအား အခြားဖြစ်နိုင်ချေရှိသော အရေးကြီးသည့် ဘတ်ဂျက်ဆိုင်ရာ ကွဲပြားမှုများ/တန်းတူညီမျှမှုမရှိခြင်းများထက်ပိုပြီး အသားပေး ခြင်းသည် အဓိပ္ပာယ်မရှိပါ။ ဥပမာ ဝင်ငွေ/ကြွယ်ဝမှု၊ အသက် အရွယ်၊ ဘာသာတရား၊ လူမျိုး၊ နယ်/မြို့ပြ ပညာရေးအဆင့် အတန်းတို့ ဖြစ်ကြပါသည်။ ကျား-မရေးရာနှင့်အတူ အဆိုပါ ကဏ္ဍများအား နိုင်ငံသားများ၊ ဘက်ဂျက်လိုအပ်ချက်များနှင့် ဦးစားပေးမှုများ၊ ဝန်ဆောင်မှုများအား ရယူနိုင်ခြင်း၊ ဝန်ဆောင်မှု များအား ရရှိခြင်း၏ ရလဒ်အနေဖြင့် ကျန်းမာပျော်ရွှင်မှုအပေါ် ပြောင်းလဲမှုရှိခြင်းတို့အပေါ် လွှမ်းမိုးမှု ရှိစေရန် မျှော်လင့်ထား နိုင်ပါသည်။ ထို့ကြောင့် ကျား-မရေးရာဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များ အနေဖြင့် အခြားသော တန်းတူညီမျှမှုမရှိခြင်းနှင့် ကွဲပြားမှု ပုံစံများနှင့် ပတ်သက်ပြီး အပြည့်အဝပေါင်းစပ် လုပ်ဆောင်ကြည့်ရန် ကြိုးစားသင့်ပါသည်။

အပိုင်း ၃.၂ တွင် ဆွေးနွေးခဲ့သည့်အတိုင်း အမည်တွင် ကျား-မရေးရာဆိုသော စကားလုံးပါဝင်သည့် လုပ်ငန်းစဉ်များ သည် အဘယ်ကြောင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအတွင်း အထီးကျန်မှု များဖြစ်လာနိုင်ချေရှိပြီး၊ မြန်မာနိုင်ငံအစိုးရအတွင်း သက်ရောက်မှုအနည်းငယ်သာ ရှိနေနိုင်သည့် အကြောင်းအရင်း များစွာ ရှိနေပါသည်။ ကျား-မရေးရာဆိုသော အကြောင်းအရာကို ကျယ်ပြန့်သော မြန်မာနိုင်ငံအများပြည်သူအကြား ကောင်းမွန်စွာ နားလည်သဘောပေါက်မှု မရှိသေးပါ။

ရေရှည်ဆက်လက်လုပ်ဆောင်ရာတွင် ကျား-မရေးရာနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံအစိုးရ နှင့် အများပြည်သူတို့၏ နားလည်သဘောပေါက်မှုနှင့် စိတ်နေစိတ်ထားများ ပြောင်းလဲ လာမည်ဟု မျှော်လင့်ရသော်လည်း၊ ကျား-မရေးရာ ဘတ်ဂျက် ရေးဆွဲခြင်း လုပ်ငန်းစဉ်များသည် ထိုအရာကို အောင်မြင်ရယူ နိုင်မည့် အကောင်းဆုံးသော နည်းလမ်းတစ်ခု မဖြစ်နိုင်ပါ။ ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်းအား အမျိုးသားနှင့် အမျိုး သမီးများအကြားကွဲပြားမှုကိုသာ ထည့်သွင်းစဉ်းစားခြင်းမျိုး မဟုတ်ပဲ အခြားတန်းတူညီမျှမရှိခြင်းနှင့် ကွဲပြားမှုပုံစံများကိုပါ ပေါင်းစပ်ခြင်းသည် ကျား-မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်းနှင့် ပတ်သက်ပြီး နိုင်ငံတကာစာပေများမှ ရရှိသော အယူအဆ ဆိုင်ရာနှင့် လက်တွေ့ကျသော ထိုးထွင်းသိမြင်ခြင်းများကို အသုံးပြုခြင်းအားဖြင့် 'အားလုံးအတွက် ဘတ်ဂျက်ရေးဆွဲခြင်း'၊ 'အားလုံးပါဝင်စေသော ဘတ်ဂျက်ရေးဆွဲခြင်း'၊ 'တန်းတူညီမျှမှု အတွက် ဘတ်ဂျက်ရေးဆွဲခြင်း' သို့မဟုတ် 'တုံ့ပြန်မှုအား ကောင်းသော ဘတ်ဂျက်ရေးဆွဲခြင်း'တို့ကဲ့သို့သော နာမည်များ အောက်တွင် ထိုကဲ့သို့သော လုပ်ဆောင်ချက်များကို ညွှန်းဆို ပါက ပိုမိုကောင်းမွန်လိမ့်မည် ဖြစ်ပါသည်။

## နောက်ဆက်တွဲ ၁

# မြန်မာနိုင်ငံရှိ ကျား–မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်းနှင့် သက်ဆိုင်မှုရှိသည့် ရွေးချယ်ထားသော SDG(ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက် ပန်းတိုင်များ) ပန်းတိုင်ခွဲများ

- ၂၀၃၀ ခုနှစ်အရောက်တွင် အမျိုးသားများနှင့် အမျိုးသမီးအားလုံး အထူးသဖြင့် ဆင်းရဲသောသူများနှင့် ထိခိုက်လွယ်သော သူများအနေဖြင့် စီးပွားရေးအရင်းအမြစ်များအပါအဝင် အခြေခံဝန်ဆောင်မှုများကို ရယူနိုင်ခြင်း၊ မြေအပါအဝင် အခြား ပိုင်ဆိုင်မှုပုံစံများအပေါ် ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်ပိုင်ခွင့်ရှိခြင်း၊ အမွေဆက်ခံရရှိမှု၊ သဘာဝအရင်းအမြစ်များ၊ သင့်လျော်သော နည်းပညာ အသစ်များနှင့် အသေးစားငွေချေးမှုအပါအဝင် ငွေကြေးဝန်ဆောင်မှုများတို့နှင့် ပတ်သက်ပြီး တန်းတူညီတူ အခွင့်အရေးများရရှိစေရန် သေချာစေရမည် (ပန်းတိုင် ၁)။
- ၂၀၃၀ ခုနှစ်အရောက်တွင် အဟာရချို့တဲ့မှုပုံစံအားလုံးကို အဆုံးသတ်စေရမည်။ ထိုအထဲတွင် ၂၀၂၅ ခုနှစ်အရောက်တွင် နိုင်ငံတကာမှ သဘောတူညီထားသော အသက် ၅ နှစ်အောက် ဖွံ့ဖြိုးမှုမရှိသော ကလေးငယ်ဦးတည်ချက်ကို ရယူနိုင်ခြင်းလည်း ပါဝင်ပြီး အရွယ်ရောက်စမိန်းကလေးများ၊ ကိုယ်ဝန်ဆောင်/နို့တိုက်မိခင်များ၊ အသက်ကြီးသောသူများ၏ အာဟာရလိုအပ်ချက် ပြဿနာများကို ဖြေရှင်းချက်လည်းတို့လည်းပါဝင်ပါသည်။ (ပန်းတိုင် ၂)
- ၂၀၃၀ ခုနှစ် အရောက်တွင် စိတ်ချရပြီး တန်းတူညီမျှစွာ မြေယာရရှိနိုင်ခြင်း၊ အခြား အကျိုး ဖြစ်ထွန်းနိုင်သော အရင်းအမြစ်များနှင့် ထည့်ဝင်မှုများ၊ အသိပညာများ၊ ငွေကြေး ဝန်ဆောင်မှုများ၊ တန်ဖိုးမြှင့် ဈေးကွက်များနှင့် အခွင့်အလမ်းများ၊နှင့် လယ်ယာမြေမဟုတ်သော အလုပ်အကိုင်များမှ တစ်ဆင့် အပါအဝင် သက်ဆိုင်ရာ အမျိုးသမီးများ၊ တိုင်းရင်းသားမျိုးနွယ်များ၊ လယ်သမားမိသားစုများ၊ တိရစ္ဆာန်မွေးမြူသူများနှင့် တံငါသည်များအတွက် စိုက်ပျိုးရေးကုန်ထုတ်စွမ်း အားနှင့် အသေးစား စားသောက်ကုန် ထုတ်လုပ်သူများ၏ ဝင်ငွေကို နှစ်ဆမြှင့်တင်ရန်။(ပန်းတိုင် ၂)
- ၂၀၃၀ ခုနှစ် အရောက်တွင် ကမ္ဘာ့တစ်ဝှမ်း မိခင်သေဆုံးနှုန်းအချိုးကို အရှင်မွေးဖွားမှု ၁၀၀,၀၀၀ လျှင် ၇၀ ဦးအောက်ကို လျှော့ချရန်။ (ပန်းတိုင် ၃)
- ၂၀၃၀ ခုနှစ်အရောက်တွင် မိသားစုစီမံကိန်း၊ သတင်းအချက်အလက်နှင့် ပညာရေး၊ မျိုးဆက်ပွားမှု ကျန်းမာရေးကို အမျိုးသားနည်းဗျူဟာနှင့် အစီအစဉ်များထဲသို့ ပေါင်းစပ်ထည့်သွင်းရန်တို့ အပါအဝင် လိင်မှုရေးရာနှင့် မျိုးဆက်ပွားမှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများကို မည်သူမဆို ရယူနိုင်ရေး သေချာစေရန်။(ပန်းတိုင် ၃)
- ၂၀၃၀ ခုနှစ်အရောက်တွင် မိန်းကလေးများနှင့် ယောကျ်ားလေးများအားလုံး အရည်အသွေးမီသော ရှေးဦးကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြုစုစောင့်ရှောက်မှုနှင့် မူလတန်းကြိုပညာရေးများကို ရရှိနိုင်စေရန် သေချာစေရမည်။ သို့မှသာ ၎င်းတို့အနေဖြင့် မူလတန်းပညာရေးအတွက် အသင့်ဖြစ်နေမည် ဖြစ်သည်။ (ပန်းတိုင် ၄)
- အများပြည်သူနေရာများနှင့် ကိုယ်ပိုင်စက်ဝန်းများတွင် လူကုန်ကူးမှု၊ လိင်မှုဆိုင်ရာနှင့် အခြား အမြတ်ထုတ်မှုပုံစံများအပါအဝင် အမျိုးသမီးများနှင့် မိန်းကလေးများအား အကြမ်းဖက်မှု ပုံစံအမျိုးမျိုးကို ပယ်ရှားခြင်း။ (ပန်းတိုင် ၅)
- နိုင်ငံအတွင်း သင့်လျော်သလို အများပြည်သူဝန်ဆောင်မှု၊ အခြေခံအဆောက်အအုံနှင့် လူမှုကာကွယ်ရေးမူဝါဒများ၊နှင့် အိမ်ထောင်စုနှင့် မိသားစုအတွင်း တာဝန်ဝတ္တရားများ ဝေမျှခြင်းကို မြှင့်တင်ခြင်းတို့မှ တစ်ဆင့် အခကြေးငွေပေးရခြင်းမရှိသည့် ပြုစုစောင့်ရှောက်မှုနှင့် အိမ်တွင်းအလုပ် တာဝန်များကို တန်ဖိုးထားပြီး သဘောပေါက်လာစေရန်။(ပန်းတိုင် ၅)

- နိုင်ငံရေး၊ စီးပွားရေးနှင့် အများပြည်သူဘဝများနှင့် ပတ်သက်သော ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းရှိ ဦးဆောင်မှုကဏ္ဍများ၌ အမျိုးသမီးများအနေဖြင့် အပြည့်အဝနှင့် ထိရောက်မှုရှိသော ပါဝင်ဆောင်ရွက်နိုင်ခြင်းနှင့် တန်းတူညီမျှသော အခွင့်အရေးများ ရရှိစေရန် သေချာစေရန်။ (ပန်းတိုင် ၅)
- လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတကာညီလာခံ၏ အစီအစဉ်လုပ်ဆောင်ချက်၊ ကမ္ဘာ့အမျိုးသမီးညီလာခံ (ဘေဂျင်း) လုပ်ငန်းဆောင်ရွက်ချက်၊နှင့် ၎င်းတို့ ပြန်လည်သုံးသပ်ချက် ညီလာခံမှ ရလဒ်စာရွက်စာတမ်းများနှင့် အညီ သဘောတူညီထားသော လိင်မှုရေးရာနှင့် မျိုးဆက်ပွားမှုဆိုင်ရာကျန်းမာရေးနှင့် မျိုးဆက်ပွားမှုဆိုင်ရာအခွင့်ရေးများကို မည်သူမဆိုရရှိစေရန် သေချာစေသည်။ (ပန်းတိုင် ၅)
- အမျိုးသားဥပဒေများနှင့် ကိုက်ညီစွာ မြေအပါအဝင် အခြားပိုင်ဆိုင်မှုပုံစံများအပေါ် ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်ပိုင်ခွင့်ရှိခြင်း၊ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ၊ အမွေဆက်ခံမှုနှင့် သဘာဝအရင်းအမြစ်များ ကို ရယူနိုင်ခြင်းတို့ အပါအဝင် အမျိုးသမီးများအား စီးပွားရေးအရင်းအမြစ်များနှင့် ပတ်သက်ပြီး တူညီသောအခွင့်အရေးများပေးနိုင်ရန် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်။  (ပန်းတိုင် ၅)
- အမျိုးမျိုး၌ အင်အားမြှင့်တင်ပေးနိုင်ရန်အတွက် ကောင်းမွန်သော မူဝါဒနှင့် အတည်ပြုနိုင်သော ဥပဒေပြုမှုများကို ကျင့်သုံးပြီး အားကောင်းလာစေရန် ဆောင်ရွက်သည်။ (ပန်းတိုင် ၅)
- ၂၀၃၀ ခုနှစ်အရောက်တွင် အယောက်စီတိုင်းအတွက် လုံခြုံစိတ်ချရပြီး စျေးနှုန်းသက်သာသော သောက်သုံးရေများကို မည်သူမဆို မျှတမှုရှိစွာ ရယူနိုင်စွမ်းရှိစေရန် လုပ်ဆောင်နိုင်ရန်။ (ပန်းတိုင် ၆)
- ၂၀၃၀ ခုနှစ်တွင် အမျိုးသမီးများ၊ မိန်းကလေးများနှင့် ထိခိုက်လွယ်သော အခြေအနေများတွင် ရှိနေသောသူများ၏ လိုအပ်ချက်များကို အထူးအာရုံစိုက်ခြင်းအားဖြင့် အများပိုင်နေရာတွင် မစင်စွန့်ခြင်းအား အဆုံးသတ်စေပြီး အားလုံးအတွက် လုံလောက်ပြီး မျှတမှုရှိသော မိလ္လာစနစ်နှင့် တစ်ကိုယ်ရေသန့်ရှင်းမှု ရယူနိုင်ရေး သေချာစေရန်။ (ပန်းတိုင် ၆)
- ၂၀၃၀ ခုနှစ်တွင် စျေးနှုန်းသက်သာ၊ ယုံကြည်စိတ်ချရသော ခေတ်သစ်စွမ်းအင်ဝန်ဆောင်မှုများကို မည်သူမဆိုရရှိနိုင်စေရန် သေချာစေရန်။ (ပန်းတိုင် ၇)
- ၂၀၃၀ ခုနှစ်တွင် ထိခိုက်လွယ်သော အခြေအနေရှိသူများ၏ လိုအပ်ချက်များ၊ အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများနှင့် အသက်ကြီးသူများအတွက် အထူးအာရုံစိုက်ခြင်း၊ လမ်းခရီးလုံခြုံမှုကို မြှင့်တင်ပေးကာ အများပြည်သူ သယ်ယူပို့ဆောင်ရေးအား သိသိသာသာ တိုးချဲ့ပေးခြင်းအားဖြင့် အားလုံးအတွက် လုံခြုံစိတ်ချရသော၊ စျေးနှုန်းသက်သာသော၊ ရယူရန် လွယ်ကူသောနှင့် ရေရှည်တည်တန့်ခိုင်မြဲသော သယ်ယူပို့ဆောင်ရေးစနစ်ကို ရယူနိုင်ရေးအတွက် ထောက်ပံ့ပေးရန်။ (ပန်းတိုင် ၁၄)
- ၂၀၃၀ ခုနှစ်တွင် အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ၊ အသက်ကြီးသူများနှင့် မသန်စွမ်းသူများအတွက် လုံခြုံစိတ်ချရသော၊ ပါဝင်နိုင်သောနှင့် ရယူရန် လွယ်ကူသော၊ စိမ်းလန်း သည့် အများပြည်သူဆိုင်ရာ နေရာများကို မည်သူမဆို ရယူနိုင်ရေးအတွက် ထောက်ပံ့ပေးရန်။(ပန်းတိုင် ၁၄)
- ၂၀၃၀ ခုနှစ်တွင် နိုင်ငံနောက်ခံအခြေအနေနှင့် သင့်လျော်မှုရှိပြီး ဝင်ငွေ၊ ကျား-မရေးရာ၊ အသက်အရွယ်၊ လူမျိုး၊ လူမျိုးစု၊ ရွှေ့ပြောင်းသွားလာမှုအခြေအနေ၊ မသန်စွမ်းမှု၊ မြေမျက်နှာသွင်ပြင် အနေအထားနှင့် အခြား ဝိသေသလက္ခဏာများအရ ခွဲခြား ကောက်ယူထားသော အရည်အသွေးမြင့်၊ အချိန်မှန်ပြီး ယုံကြည်စိတ်ချရသည့် အချက်အလက်များတည်ရှိမှုကို သိသာစွာ တိုးမြှင့်နိုင်ရန်အတွက် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲကျွန်းငယ်နိုင်ငံများအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအား စွမ်းရည်မြှင့်တင်မှု အထောက်အကူများကို တိုးမြှင့်ပေးရန်။ (ပန်းတိုင် ၁၇)

## နောက်ဆက်တွဲ ၂

# မြန်မာနိုင်ငံရှိ ကျား–မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်းအတွက် အထူးသင့်လျော်သော မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan - MSDP)

ကျား-မရေးရာသည် ကဏ္ဍတိုင်းတွင်ထည့်သွင်းစဉ်းစားရမည့် ကိစ္စရပ်ဖြစ်ပြီး ကျား-မရေးရာ ဆန်းစစ်လေ့လာခြင်းကို အချို့သော အစီအစဉ်ရေးဆွဲခြင်းနှင့် ဘတ်ဂျတ်ရေးဆွဲခြင်းအများအပြားတွင် အသုံးပြုနိုင်ပါသည်။ ၎င်းကို MSDP ၏မိတ်ဆက်တွင်ပါဝင်သည့် အမျိုးသား ညွှန်ကိန်းမူဘောင် (National Indicator Framework – NIF) တွင် ဖော်ပြပါအတိုင်း ရေးသားထားသည် - ‘မည်သူကမှ အလိုလျောက် အားဖြင့် အချက်အလက်များခွဲခြားထားသည်ဟု ယူဆခြင်းမပြုစေရန်အတွက် သင့်လျော်သည့် နေရာတွင် လိင်၊ အသက် နှင့် ပြည်နယ်/ တိုင်းဒေသကြီး အားဖြင့် ခွဲခြားထားသော ကိန်းကဏန်းများကို ဖော်ထုတ်ရန် ရည်ရွယ်သည်။’[၄၃] ၂၀၁၉ ခုနှစ် မတ်လ ၁ ရက်နေ့၌ နောက်ဆုံးထုတ်ဝေထားသည့် NIF ၏ မူကြမ်းတွင် ကျား-မရေးရာ ဘတ်ဂျတ်ရေးဆွဲခြင်းအတွက် အသင့်လျော်ဆုံးဖြစ်မည့် MSDP ၏ လုပ်ငန်းစဉ်တိုးတက်မှုကို တိုင်းတာရန် သင့်လျော်သော ညွှန်ကိန်းများကို သေချာစွာ ရေးဆွဲထားသည်။ ချွင်းချက်တစ်ခုမှာ MSDP ၏ လုပ်ငန်းဆောင်ရွက်ချက် ၂.၄.၆ ဖြစ်သော ‘အဆင့်တိုင်းရှိ ဘတ်ဂျတ်ရေးဆွဲခြင်း ဖြစ်စဉ်များတွင် ပိုမိုကျယ်ပြန့်ပြီး အားလုံးပါဝင်သော လူထုပါဝင်မှုကို အားပေးရမည်’ ဟူသည့် ဖြစ်စဉ်ကို တိုင်းတာရန်အတွက် ညွှန်ကိန်း ဖော်ပြထားခြင်းမရှိပါ။[၄၄] သို့သော် ဤလုပ်ငန်းဆောင်ရွက်ချက်မှာ တိုင်းတာရလွယ်ကူသော ညွှန်းကိန်းတစ်ခုအထိ လျှော့ချရန် အလွန်ခက်ခဲသည်ကို အသိအမှတ်ပြုပါသည်။

MSDP တွင်ပါဝင်သော လုပ်ငန်းဆောင်ရွက်ချက် အများစုနှင့် ၎င်းတို့၏ ညွှန်းကိန်းများကို ကျား-မရေးရာ ရှုထောင့်မှ ထည့်သွင်းစဉ်းစား နိုင်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ကျား-မရေးရာ ဆန်းစစ်လေ့လာခြင်းသည် အခြားအရာများထက် အချို့အတွက် ပို၍ထင်သာ မြင်သာရှိနိုင်ပါသည်။ ဖော်ပြပါတို့သည် ကျား-မရေးရာမှာ ပို၍ သင့်လျော်သောနေရာအများစုကို ဖော်ပြထားပြီး ကျား-မ ခွဲခြား ထားသော အချက်အလက်များကို အသုံးပြုမည် နှင့်/သို့မဟုတ် မူဝါဒ၏ တစ်စိတ်တစ်ပိုင်းအဖြစ် အမျိုးသမီးများကို ဦးတည်မည်ဟူ၍ NIF မှ အထူးတလည် ဖော်ပြထားသော အကြောင်းအရာများအားလုံးကို ထည့်သွင်းထားပါသည်။

- ၁.၃.၄ - တစ်နှစ်အတွင်း ဥပဒေရေးရာအကူအညီရယူထားသူများအား လိင်နှင့် အသက် ခွဲခြားကောက်ယူထားသော လူအရေအတွက်
- ၁.၃.၆ - တရားဥပဒေစနစ်မှတဆင့် အရေးယူဆောင်ရွက်ထားသော လိင်မှုဆိုင်ရာနှင့် ကျား-မရေးရာ အခြေပြု အကြမ်းဖက်မှု အချိုးအစား
- ၁.၃.၁၀ - (က) ရည်ရွယ်၍ လူသတ်မှုများ (ခ) မူးယစ်ဆေးဝါးသုံးစွဲမှု (ဂ) မုဒိန်းမှု (ဃ) လူကုန်ကူးမှု အတွက် လူဦးရေ ၁၀၀,၀၀၀ လျှင် ကျူးလွန်မှုနှုန်း
- ၁.၄.၁ - အစိုးရအလုပ်များတွင် အကြီးတန်းရာထူးရယူထားသော အမျိုးသမီးများ
- ၁.၄.၂ - လူမှုအဖွဲ့အစည်းများတွင် အလုပ်လုပ်ကိုင်နေသော အမျိုးသမီး ရာခိုင်နှုန်း
- ၁.၅.၁ - (က) ပြည်ထောင်စုလွှတ်တော် (ခ) ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များတွင် နေရာရ ထားသော အမျိုးသမီး ရာခိုင်နှုန်း
- ၁.၅.၂ - အမျိုးသမီး ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ (က) စုစုပေါင်းအရေအတွက် (ခ) ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေး မှူးများအားလုံး၏ ရာခိုင်နှုန်း

- ၁.၅.၃ - ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲများတွင် ပါဝင်သည့် ရွေးကောက်ခံ အမျိုးသားနှင့် အမျိုးသမီးရာခိုင်နှုန်း
- ၁.၅.၅ - ဆုံးဖြတ်ချက်ချမှုများသည် လိင်၊ အသက်၊ မသန်စွမ်းမှုနှင့် လူဦးရေအုပ်စု အားလုံးပါဝင်ပြီး အသားပေးထည့်သွင်းဆောင်ရွက်သည်ဟု ယူဆသော လူဦးရေ အချိုးအစား
- ၂.၄.၈ - ကျား-မရေးရာ ဘတ်ဂျတ်ရေးဆွဲခြင်း ချဉ်းကပ်မှုကို မိမိတို့၏ ဘတ်ဂျတ်ရေးဆွဲမှုတွင် ထည့်သွင်းဆောင်ရွက်သည့် အစိုးရဌာနများ ရာခိုင်နှုန်း
- ၃.၁.၆ - စိုက်ပျိုးမြေတွင် ပိုင်ဆိုင်ခွင့်ရရှိထားသော စိုက်ပျိုးသူများအား ကျား-မခွဲခြားထားသော လူဦးရေ အချိုးအစား
- ၃.၂.၄ - လိင် နှင့် အသက်အားဖြင့် ခွဲခြားကောက်ယူထားသော အလုပ်သမားများ၏ နေ့စဉ်ပျမ်းမျှ ဝင်ငွေ
- ၃.၂.၅ - လိင်၊ အသက် နှင့် မသန်စွမ်းမှုအားဖြင့် ခွဲခြားကောက်ယူထားသော အလုပ်လက်မဲ့နှုန်း
- ၃.၂.၆ - လိင်နှင့် အသက်အရွယ်အုပ်စု ခွဲခြားကောက်ယူထားသော ကလေးအလုပ်သမားဖြစ်နေသည့် အသက် ၅ - ၁၇ နှစ်ကြားရှိ ကလေးသူငယ် အချိုးအစားနှင့် အရေအတွက်
- ၃.၂.၇ - လိင်နှင့် အသက်အရွယ်ခွဲခြားကောက်ယူထားသော တရားမဝင်အလုပ်လုပ်နေသော အချိုးအစား
- ၃.၂.၈ - လိင်နှင့် အသက်အရွယ်ခွဲခြားကောက်ယူထားသော အသက်အန္တရာယ်မဖြစ်သော လုပ်ငန်းအတွင်း ထိခိုက်ဒဏ်ရာရရှိမှု ကြိမ်နှုန်း
- ၃.၂.၉ - သင့်တင့်လျောက်ပတ်သော အလုပ်ရရှိသည့် အလုပ်လုပ်နေသော အမျိုးသမီး ရာခိုင်နှုန်း[၅၅]
- ၃.၂.၁၁ - လိင်နှင့် ရွှေ့ပြောင်းသွားလာမှုအခြေအနေဖြင့် ခွဲခြားကောက်ယူထားသော နိုင်ငံတော်အတိုင်းအတာဖြင့် အလုပ်သမားအခွင့်အရေးများနှင့်အညီ လုပ်ဆောင်မှုတိုးတက်ခြင်း
- ၃.၃.၄ - မြန်မာနိုင်ငံ၏ စီးပွားရေး ကုမ္ပဏီများရှိ ဘုတ်အဖွဲ့ဝင်များတွင် ပါဝင်သော အမျိုးသမီးရာခိုင်နှုန်း
- ၃.၅.၅ - ကုမ္ပဏီ မန်နေဂျာများ၏ လိင်ခွဲခြားကောက်ယူထားသော အကြွေးယူထားသည့် သို့မဟုတ် အကြွေးစာရင်းရှိနေသော အသေးစားစက်ရုံ အချိုးအစား
- ၃.၆.၅ - လိင်နှင့် အသက်အရွယ်ခွဲခြားကောက်ယူထားသော အများသုံး သယ်ယူပို့ဆောင်ရေး ယာဉ်များကို အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်သည့် လူဦးရေ အချိုးအစား
- ၃.၆.၈ - လိင်အမျိုးအစား ခွဲခြားကောက်ယူထားသော လမ်းမတွင်ဖြစ်ပွားသည့် ယာဉ်တိုက်မှုကြောင့် သေဆုံးမှုနှုန်း
- ၃.၇.၆ - လိင်အမျိုးအစား ခွဲခြားကောက်ယူထားသော လူဦးရေ ၁၀၀,၀၀၀ လျှင် မာစတာဘွဲ့/ပါရဂူဘွဲ့ ရရှိထားသော အချိုးအစား
- ၄.၁.၁ - အနိမ့်ဆုံးအနေဖြင့် ဆရာဖြစ်သင်တန်း ရရှိထားသော လိင်အမျိုးအစား ခွဲခြားကောက်ယူထားသည့် ဆရာ၊ ဆရာမ အချိုးအစား
- ၄.၁.၃ - (၁) ကမ္ဘာ့နိုင်ငံသားဖြစ်မင်ဆိုင်ရာ ပညာရေး ရာသီဥတုပြောင်းလဲမှု၊ ကျား-မရေးရာ တန်းတူညီမျှမှု နှင့် လူ့အခွင့်အရေးများအပါအဝင် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးကို သင်ရိုးညွှန်းတန်းရှိ အဆင့်တိုင်းတွင် ထည့်သွင်းထားသည့် အတိုင်းအတာပမာဏ
- ၄.၁.၄ - လိင်အမျိုးအစား ခွဲခြားကောက်ယူထားသော စနစ်တကျပြုလုပ်ထားသော သင်ယူမှုတွင် ပါဝင်မှုနှုန်း (မူလတန်းတက်ရောက်နိုင်သည့် တရားဝင်သတ်မှတ်ထားသောအသက်မတိုင်မီ တစ်နှစ်အလို)
- ၄.၁.၆ - (က) ၂ တန်း/ ၃တန်းတွင်တက်ရောက်နေသော (ခ) မူလတန်းနောက်ဆုံးနှစ် တက်ရောက်နေသော နှင့် (ဂ) အလယ်တန်းနောက်ဆုံးနှစ်တက်ရောက်နေပြီး (၁) စာဖတ်ခြင်း နှင့် (၂) ဂဏန်းသင်္ချာအတွက်အချက် ကျွမ်းကျင်မှု အဆင့်တစ်ခုရရှိထားသည့် လိင်အမျိုးအစား ခွဲခြားကောက်ယူထားသော ကလေးများနှင့် လူငယ်များ၏ အချိုးအစား
- ၄.၁.၁၀ - လွန်ခဲ့သော ၁၂ အတွင်း ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေး၊ နှင့် သင်တန်းများတွင် လိင်အမျိုးအစား ခွဲခြားကောက်ယူထားသော လူငယ် နှင့် လူကြီး ပါဝင်မှုနှုန်း

- ၄.၁.၁၁ - (က) စာရေးစာဖတ်ခြင်း (ခ) ဂဏန်းသချာ်ကျွမ်းကျင်မှုတွင် အဆင့်တစ်ခုအထိ တတ်မြောက်သော ပေးထားသောလူဦးရေ၏ လိင်အမျိုးအစား ခွဲခြားကောက်ယူထားသည့် ရာခိုင်နှုန်း
- ၄.၂.၅ - အမျိုးသမီး အသက် ၁၅ မှ ၄၉ နှစ်အတွင်း သားဆက်ခြားမှုနှုန်း (မည်သည့်နည်းလမ်းမဆို)
- ၄.၂.၆ - (က) ကိုယ်ဝန်ဆောင်ချိန်၊ (ခ) မီးဖွားပြီး ပြုစုစောင့်ရှောက်မှု အတွက် လုပ်ဆောင်မှုနှုန်း
- ၄.၂.၇ - ကျန်းမာရေးကျွမ်းကျင်ဝန်ထမ်းဖြင့် ကလေးမွေးဖွားသည့် အချိုးအစား
- ၄.၂.၈ - ကလေးသေဆုံးမှုနှုန်း (၁) စုစုပေါင်း (၂) ကလေး၁၀၀၀ဦးလျှင် ဦးရေ (၃) အသက်၅ နှစ်အောက် အသက်ရှင်လျက် မွေးဖွားသော ကလေး ၁၀၀၀ ဦးလျှင် ဦးရေ (ဃ) အသက်ရှင်လျက်မွေး ဖွားသော ကလေး ၁၀၀,၀၀၀ ဦးလျှင် မိခင်သေဆုံးမှုနှုန်း
- ၄.၂.၉ - ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်မှုနှုန်း (အသက် ၁၅ နှစ်မှ ၁၉ နှစ်အကြားရှိ အမျိုးသမီး ၁၀၀၀ ဦးလျှင် ကလေးမွေးဖွားမှု)
- ၄.၃.၁ - (က) အသက် ၁၅ နှစ်မတိုင်မီ (ခ) အသက် ၁၈ နှစ်မတိုင်မီ တွင် လက်ထပ်ပြီးသော သို့မဟုတ် အဖွဲ့အစည်းတွင် ပါဝင်နေသော အသက် ၂၀ - ၂၄ နှစ်ကြားရှိ အမျိုးသမီး အချိုးအစား
- ၄.၃.၄ - လွန်ခဲ့သော ၁၂ လအတွင်းတွင် လက်တွဲဖော်မှမဟုတ်ဘဲ လူတစ်ဦးဦးမှ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်ခံခဲ့ရသော အသက် ၁၅ နှစ်နှင့် အထက် အမျိုးသမီးများနှင့် မိန်းကလေးများ၏ လိင်နှင့် ဖြစ်ပွားသည့်နေရာ ခွဲခြားကောက်ယူထားသော အချိုးအစား
- ၄.၃.၇ - လူမှုရေး ထောက်ပံ့ငွေရရှိသည့် လူဦးရေ အရေအတွက်နှင့် ရာခိုင်နှုန်း၊ (က) မသန်စွမ်းသူများ (ခ) ကိုယ်ဝန်ဆောင်အမျိုးသမီးများ (ဂ) ကျောင်းနေအရွယ်ကလေးများ နှင့် (ဃ) သက်ကြီးရွယ်အိုများ ရာခိုင်နှုန်း
- ၄.၄.၃ - (က) ကိုယ်ဝန်ဆောင်အမျိုးသမီးများ (ခ) ဆယ်ကျော်သက်များတွင် အာဟာရချို့တဲ့မှု ဖြစ်ပွားမှု
- ၄.၄.၄ - ပေါင်ချိန်မပြည့်သောကလေးမွေးဖွားမှု
- ၄.၄.၅ - ကိုယ်ဝန်ဆောင်နိုင်သည့်အရွယ် (၁၅ - ၄၉ နှစ်) ရှိ အမျိုးသမီးများ၏ သွေးအားနည်းရောဂါ ဖြစ်ပွားမှု
- ၄.၄.၆ - မိခင်နို့ရည်တစ်မျိုးသာတိုက်ကျွေးခံရသော အသက် ၆ လအောက် ကလေးငယ် ရာခိုင်နှုန်း
- ၄.၅.၁ - အလုပ်သမား ၁၀၀,၀၀၀ ဦးလျှင် (က) အသက်အန္တရာယ်ရှိသော (ခ) အသက်အန္တရာယ် မရှိသော လုပ်ငန်းတွင်းဆိုင်ရာ ဒဏ်ရာရရှိမှု ကြိမ်နှုန်း၊ လိင်အမျိုးအစားနှင့် ရွှေ့ပြောင်းသွားလာမှု အခြေအနေ (ပြည်တွင်း၊ ပြည်ပ)အလိုက် ကောက်ယူထားသည်။
- ၄.၅.၁၀ - ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ပဋိပက္ခကြောင့်ဟု ပြောဆိုသည့် လိင်နှင့် နေရာ ခွဲခြားကောက်ယူထားသော ပြည်တွင်း ရွှေ့ပြောင်းသွားလာသူ ရာခိုင်နှုန်း
- ၅.၂.၉ - ရာသီဥတုနှင့် လိုက်လျောညီထွေသော နည်းပညာများနှင့် အခြား တုန့်ပြန်မှုများမှ အကျိုးအမြတ်ရရှိသော လိင်အမျိုးအစား ခွဲခြားကောက်ယူထားသည့် လယ်သမား အရေအတွက်နှင့် ရာခိုင်နှုန်း
- ၅.၃.၇ - (က) အခြေခံသောက်သုံးရေ (ခ) ယောကျာ်းလေး နှင့် မိန်းကလေး သီးခြားထားရှိသော အိမ်သာများ (ဂ) အခြေခံလက်ဆေးနိုင်သည့် အသုံးအဆောင်များ ထားရှိသော မူလတန်းကျောင်း အချိုးအစား
- ၅.၅.၁ - မြေပိုင်ဆိုင်ခွင့်ရရှိရန်အတွက် တရားဝင် အထောက်အထားစာရွက်စာတမ်းကိုင်ဆောင် ထားသော မြေပိုင်ဆိုင်ခွင့်ရှိသော လူဦးရေ စုစုပေါင်း အချိုးအစား၊ လိင်အမျိုးအစားနှင့် မြေအမျိုးအစား အလိုက် ခွဲခြားကောက်ယူထားသည်။

# t cef;qkrwSpk


၁။ Janet G. Stotsky၊ ကျား၊မရေးရာဘက်ဂျက်ရေးဆွဲခြင်း - ဘဏ္ဍာရေးနောက်ခံအကြောင်းအရာများနှင့် လက်ရှိရေရှည်ရလဒ်များ (ဝါရှင်တန် ဒီစီ၊ IMF Working Paper, ဇူလိုင်လ ၂၀၁၆)၊ စာမျက်နှာ ၄။ N.b။ 'ကျား၊မရေးရာ' အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) မှ အဓိပ္ပာယ်ဖွင့်ဆိုထားသည်မှာ 'ကျား၊မရေးရာဆိုသည်မှာ အမျိုးသားများနှင့် အမျိုးသမီးများ၏ ဝိသေသလက္ခဏာများကို လူမှုရေးအရ တည်ဆောက်ထားခြင်းကို ဆိုလိုပါသည်။ ဥပမာ စံနှုန်းများ၊ အခန်းကဏ္ဍများနှင့် အမျိုးသမီးများနှင့် အမျိုးသားများအုပ်စုများအကြားရှိ ပတ်သက်ဆက်နွယ်မှုများဖြစ်ပါသည်။' ကျား၊မရေးရာသည် အမျိုးသမီးများ၊ အမျိုးသားများနှင့် ဒွိလိင်များ၏ ဇီဝဆိုင်ရာ ဝိသေသလက္ခဏာများကို ညွှန်းဆိုသော 'လိင်မှုရေးရာ'နှင့် ကွဲပြားမှုရှိပါသည်။ WHO ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အတွက် https://www.who.int/gender-equity-rights/understanding/gender-definition/en/ တွင် ကြည့်ရှုပါ။ (၂၀၁၉ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် ဝင်ရောက်ထားသည်။)

၂။ Esther Duflo, 'Women Empowerment and Economic Development', Journal of Economic Literature, 50.4 (2012), especially pp. 1064-76.

၃။ Janet G Stotsky, 'Gender Budgeting' (IMF Working Paper, 2006), p.16.

၄။ Debbie Budlender, Expectations versus Realities in Gender-Responsive Budgeting Initiatives (UNRISD, March 2005), p.11.

၅။ Stotsky၊ Gender Budgeting: Fiscal Context and Current Outcomes၊ စာမျက်နှာ ၄။

၆။ Bulender ၊ Expectations versus Realities in Gender-Responsive Budgeting Initiatives၊ စာမျက်နှာ ၁၂။

၇။ Bulender ၊ Expectations versus Realities in Gender-Responsive Budgeting Initiatives ၊ စာမျက်နှာ ၁၂ - ၁၃။

၈။ Bulender ၊ Expectations versus Realities in Gender-Responsive Budgeting Initiatives၊ စာမျက်နှာ ၁၂။

၉။ Lekha Chakraborty ၊ Asia: A Survey of Gender Budgeting Efforts (Washington DC: IMF Working Paper ၊ ဇူလိုင် ၂၀၁၆)၊ စာမျက်နှာ ၁၅၊ ၂၄။

၁၀။ Stotsky ၊ Gender Budgeting: Fiscal Context and Current Outcomes ၊ စာမျက်နှာ ၁၇

၁၁။ Stotsky ၊ Gender Budgeting: Fiscal Context and Current Outcomes ၊ စာမျက်နှာ ၁၅၊ ၂၃ - ၂၄

၁၂။ Bryn Welham၊ Karen Barnes-Robinson၊ Dina Mansour-ILLE နှင့် Richa Okhandiar၊ Gender-Responsive Public Expenditure Management: A Public Finance Management Introductory Guide (London: ODI, မေလ ၂၀၁၈), စာမျက်နှာ ၁၂ - ၁၃

၁၃။ Stotsky ၊ Gender Budgeting: Fiscal Context and Current Outcomes ၊ စာမျက်နှာ ၁၆

၁၄။ DAC Network on Gender Equality, 'Integrating Gender Equality Dimensions into Public Financial Management Reforms' (OECD, ၂၀၁၀), စာမျက်နှာ ၂

၁၅။ Welham et al, Gender-Responsive Public Expenditure Management, စာမျက်နှာ ၁၄

၁၆။ Chakraborty, Asia: A Survey of Gender Budgeting Efforts, စာမျက်နှာ ၁၄ - ၂၄

၁၇။ အကြောင်းအရာအလိုက်ဦးစားပေး နယ်ပယ် ၁၂ ခုမှာ - အမျိုးသမီးများနှင့် အသက်မွေးဝမ်းကြောင်းများ၊ အမျိုးသမီးများ ပညာရေးနှင့် သင်တန်း၊ အမျိုးသမီးများနှင့် ကျန်းမာရေး၊ အမျိုးသမီးအပေါ် အကြမ်းဖက်မှု၊ အမျိုးသမီးများနှင့် အရေးပေါ် အခြေအနေများ၊ အမျိုးသမီးများနှင့် စီးပွားရေး၊ အမျိုးသမီးများနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ အမျိုးသမီးများ တိုးတက်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာ ယန္တရားများ၊ အမျိုးသမီးများနှင့် လူ့အခွင့်အရေးများ၊ အမျိုးသမီးများနှင့် မီဒီယာ၊ အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင်၊ သမီးမိန်းကလေး။

၁၈။ မြန်မာနိုင်ငံနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ - အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (၂၀၁၃-၂၀၂၂) (နေပြည်တော် - ၂၀၁၃)

၁၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ - စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀) (နေပြည်တော် - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ - စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန) စာမျက်နှာ ၃။

၂၀။ မြန်မာနိုင်ငံအစိုးရ - ဗဟိုစာရင်းအင်းရုံးနှင့် UNDP၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း

အတွက် အမျိုးသားညွှန်းကိန်းမူဘောင်ကို ရေးဆွဲခြင်း (MSDP)။ အဆင့် ၂ အတွက် အစီရင်ခံစာ (NIF မူကြမ်းတစ်) (နေပြည်တော် - မြန်မာနိုင်ငံအစိုးရ - ဗဟိုစာရင်းအင်းရုံးနှင့် UNDP၊ ၂၀၁၉ ခုနှစ် မတ်လ ၁ရက်) စာမျက်နှာ-၇။

၂၀. ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ - စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀) စာမျက်နှာ - ၂၃။

၂၂. ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ - စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအတွက် အမျိုးသားညွှန်းကိန်းမူဘောင်။ စာမျက်နှာ - ၁၃။

၂၃. ဥပမာ။ ၂၀၁၂-၁၅ (FESR) စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများအတွက် အခြေခံမူဘောင်ဖြင့် နှိုင်းယှဉ်ကြည့်ရန်။

၂၄. ကမ္ဘာ့ဘဏ်အုပ်စု၊ မြန်မာ့စီးပွားရေးစောင့်ကြည့် အစီရင်ခံစာ၊ ၂၀၁၈ခုနှစ် ဒီဇင်ဘာလ - Navigating Risks (ဝါရှင်တန်ဒီစီ - ကမ္ဘာ့ဘဏ်အုပ်စု၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ) စာမျက်နှာ ၄၀-၄၁။

၂၅. မြန်မာနိုင်ငံအစိုးရ၊ နှစ်ပတ်လည် ရသုံးမှန်းခြေစာရင်းဥပဒေ (Annual Budget Law) ၂၀၁၈/၂၀၁၉ (နေပြည်တော် - ၂၀၁၈)

၂၆. ကမ္ဘာ့ဘဏ်အုပ်စု၊ မြန်မာ့စီးပွားရေးစောင့်ကြည့်အစီရင်ခံစာ၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ၊ Navigating Risks (ဝါရှင်တန်ဒီစီ - ကမ္ဘာ့ဘဏ်အုပ်စု၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ) စာမျက်နှာ ၃၉၊ ၄၁။ ကမ္ဘာ့ဘဏ်အုပ်စု၊ မြန်မာ့စီးပွားရေးစောင့်ကြည့်အစီရင်ခံစာ၊ ၂၀၁၈ ခုနှစ် မေလ၊ မသေချာမှုများအကြား ဖွံ့ဖြိုးကြီးထွားခြင်း။ စာမျက်နှာ ၃၅။

၂၇. Gizelis၊ ခင်မမမျိုး၊ Jana Krause၊ Paul Minoletti၊ မြန်မာနိုင်ငံရှိ နိုင်ငံသားများအတွက် ဘတ်ဂျက် (Myanmar Institute of Gender Studies, forthcoming 2020)၊ Paul Minoletti၊ မြန်မာနိုင်ငံရှိ ကျားမရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း (ActionAid၊ CARE၊ Oxfam and WON၊ ထုတ်ပြန်ခဲ့ခြင်းမရှိ ၂၀၁၅)။

၂၈. Richard Batcheler, Where Top-Down Meets Bottom-Up: Planning and Budgeting in Myanmar (Yangon: The Asia Foundation, Forthcoming 2019)

၂၉. Gizelis et al, မြန်မာနိုင်ငံရှိ နိုင်ငံသားများအတွက် ဘတ်ဂျက် (Myanmar Institute of Gender Studies, forthcoming 2020)၊ Paul Minoletti၊ မြန်မာနိုင်ငံရှိ ကျားမရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း (ActionAid၊ CARE၊ Oxfam and WON၊ ထုတ်ပြန်ခဲ့ခြင်းမရှိ ၂၀၁၅)

၃၀. Minoletti, Paul and Nan Sandi, Key Economics Issues for Myanmar's Peace Negotiation (Yangon: International Growth Centre, June 2018), p.20. မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံအစိုးရအတွင်းရှိ အချို့သောအဖွဲ့အစည်းများမှာ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် ပတ်သက်ပြီး တိုးတက်မှုများ ရှိလာခဲ့ပါသည်။ ဥပမာအားဖြင့် ပဲခူးတိုင်းအစိုးရသည် ဘတ်ဂျက်အချက်အလက်များကို ၎င်း၏ www.ebago.org ဝက်ဘ်ဆိုဒ်တွင် ဝေမျှထားပြီး၊ နောက်ထပ် အချက်အလက်များကိုလည်း ဘတ်ဂျက်ရေးရာနှင့် ပတ်သက်ပြီး လုပ်ဆောင်နေသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ဝေမျှရန် ဆန္ဒရှိနေပါသည်။

၃၁. အရပ်ဖက်လူမှုအဖွဲ့အစည်းခေါင်းဆောင်များနှင့် စာရေးသူ၏ ဆွေးနွေးမှုများမှ ကောက်နုတ်ချက်။

၃၂. Minolette, Paul, Fiscal Decentralization and National Reconciliation in Myanmar, စာမျက်နှာ ၈ - ၉။

၃၃. Gerard McCarthy, Building on What is There: Insights on Social Protection and Public Goods Provision from Central East Myanmar S-53308-Mya-1 (International Growth Centre, စက်တင်ဘာလ ၂၀၁၆), စာမျက်နှာ ၈။

၃၄. MOPF - စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (၁၉၉၃-၂၀၁၆ ခုနှစ်အတွင်း ဝန်ကြီးဌာနနှစ်ခုအဖွဲ့ ကွဲပြားနေခဲ့သည်။)သည် သမိုင်းကြောင်းအရ အခြားနိုင်ငံများနှင့်ယှဉ်လျှင်ဘတ်ဂျက်ရေးရာနှင့် ပတ်သက်ပြီး အားနည်းသောအခန်းကဏ္ဍရှိသဖြင့် မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနများသည် ၎င်းတို့၏ ကိုယ်ပိုင် ဘတ်ဂျက်ပေါ် ကိုယ်တိုင်စီမံအုပ်ချုပ်ခွင့်ရှိခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ ဖြစ်သည်ကို မှတ်သားထားရမည်ဖြစ်သည်။ပေါင်းစည်းခဲ့ပြီဖြစ်သော MOPF - စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဘတ်ဂျက်လုပ်ငန်းစဉ်များတွင် အားကောင်းသော အခန်းကဏ္ဍကို စတင်ရရှိလာပြီဟု မှန်းဆရပါသည်။ ထိုအရာသည် ဘတ်ဂျက်ရေးရာ ဦးစားပေးမှုများနှင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း တိုးတက်လာစေရန် အရေးကြီးသည့်အတွက် ထောက်ပံ့ကူညီပေးသင့်ပါသည်။ သို့ရာတွင် ကနဦးကျားမရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းများအတွက် MOPF - စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနထံမှ အကူအညီရရှိရန် မဖြစ်နိုင်ပါက သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပါဝင်လုပ်ဆောင်ရန် စိတ်ပါဝင်စားလျှင် ၎င်းတို့နှင့်အတူ အကျိုးဖြစ်ထွန်းမှုရှိစွာ လုပ်ကိုင်နိုင်သော အခွင့်အလမ်းများ ရှိနေပါသည်။

၃၅. Welham et al - ကျားမရေးရာအသားပေး အများပြည်သူ့ ဘဏ္ဍာငွေသုံးစွဲမှု စီမံခန့်ခွဲခြင်း၊ စာမျက်နှာ ၁၃။

၃၆. မြန်မာနိုင်ငံအစိုးရ - ပြည်သူ့အင်အားဦးစီးဌာန၊ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း - ကျားမရေးရာရှုထောင့်များအတွက် အကြောင်းအရာသုတေသနစာတမ်း (နေပြည်တော် - ဩဂုတ်လ ၂၀၁၇) စာမျက်နှာ ၅၉။

၃၇. UNESCO, Comprehensive Education Sector Review: Higher Education In Myanmar (Yangon, 2013), p.13. မှတ်ချက်။ ။ ယခု စာတမ်းအားရေးသားခဲ့သောသူသည် အဆိုပါ လုပ်ဆောင်ချက်များကို ဒေသန္တရအစိုးရအရာရှိများနှင့် လတ်တလောလုပ်ဆောင်သွားခဲ့သော အလုပ်ရုံဆွေးနွေးပွဲများတွင် အသုံးပြုခဲ့ပါသည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့်

သင်တန်းတက်ရောက်သူများအား ကျားမရေးရာ ဘတ်ဂျက်ရေးဆွဲခြင်းအား မိတ်ဆက်ပေးနိုင်မည်ဖြစ်သည်။ အစိုးရအရာရှိများ ရင်းနှီးနေပြီးသားဖြစ်ပြီး နားလည်လွယ်သော အချက်အလက်များကို အသုံးပြုခြင်းသည် ကျားမရေးရာဘတ်ဂျက်ရေးဆွဲခြင်းအတွက်အကျိုးဖြစ်ထွန်းစေနိုင်ရန် အလားအလာရှိသည့် ထိရောက်မှုရှိသော ဆက်သွယ်ပြောဆိုခြင်းဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။ ဥပမာအားဖြင့် ၂၀၁၉ ခုနှစ် မေလတွင် ဧရာဝတီတိုင်းအစိုးရ (အရပ်ဘက်လူမှုအဖွဲ့အစည်းများ)မှ အရာရှိများနှင့် ပြုလုပ်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာနမှ အရာရှိများအနေဖြင့် ယောကျ်ားလေးများသည် မိန်းကလေးများထက် အဘယ်ကြောင့် ကျောင်းထွက်နှုန်းပိုမိုမြင့်မားရသည်ဆိုသည်နှင့် မိန်းကလေးများမှ ယောကျ်ားလေးများထက် စာမေးပွဲတွင် အဘယ်ကြောင့် ပိုမိုရလဒ်ကောင်းလေ့ရှိကြောင်းနှင့် ပတ်သက်သော အကြောင်းအရင်းများကို အကြံပြုနိုင်ခဲ့ပြီး ဖြစ်နိုင်ချေရှိသော မူဝါဒတုံ့ပြန်ချက်များကို

၃၈။ ဆွေးနွေးခဲ့ပါသည်။ အခြားဝန်ကြီးဌာနများမှ အရာရှိများအနေဖြင့် ဆွေးနွေးမှုတွင် လွယ်ကူစွာပါဝင်နိုင်ခဲ့ပြီး အဆိုပါလုပ်ဆောင်ချက်များ၏ အကျိုးကျေးဇူးများကို မြင်တွေ့ခဲ့ကြပါသည်။ ထို့အတူ အဆိုပါဥပမာမှ ယောကျ်ားလေးများသည် မိန်းကလေးများထက် သက်ဆိုင်ရာ အများပြည်သူဝန်ဆောင်မှုများကို လက်ခံရရှိမှု နည်းပါးနေသည်ကို ပြသခဲ့သည့်အတွက်

၃၉။ ကျားမရေးရာဘတ်ဂျက်ရေးဆွဲခြင်းသည် မိန်းကလေးများနှင့် အမျိုးသမီးများကိုသာ ဦးတည်ချက်ထားခြင်းမဟုတ်ကြောင်း ပြသနိုင်ရန် အထောက်အကူဖြစ်ခဲ့ပါသည်။

၄၀။ နိုင်ငံသားများ၏ ဘတ်ဂျက်လိုလားမှု အချက်အလက်များကို သမာရိုးကျနိုင်ငံရေးလိုလားမှုစစ်တမ်းကောက်ယူမှုများမှ တစ်ဆင့်ကောက်ယူခြင်းသည် နည်းပညာဆိုင်ရာပြဿနာများနှင့် ဝန်းရံနေပြီး မှန်ကန်ခြင်းမရှိတတ်ပါ။ မည်သို့ပင်ဆိုစေကာမူ အနည်းဆုံးအခြားပိုမိုအသုံးဝင်နိုင်သော လုပ်ဆောင်ချက်နှစ်ခုရှိနေပါသည်။ ၁) အပြန်အလှန်တုန့်ပြန်မှုရှိသော ဘတ်ဂျက်ရေးရာ app များကိုသုံးစွဲခြင်း။ ၂) တုံ့ပြန်သူများအား အများပြည်သူဘဏ္ဍာငွေသုံးစွဲရန် ရွေးချယ်မှုများအကြားတွင် ကျောက်စရစ်ခဲအရေအတွက်အတိအကျကို ခွဲဝေထားခိုင်းပါ။ အဆိုပါ နည်းလမ်းများတွင် ဆိုးကျိုးများလည်း ရှိနေပြီး မြန်မာနိုင်ငံတွင် စတင်သုံးစွဲမှုအခြေအနေတွင်သာ ရှိနေပါသေးသည်။ သို့သော် လုပ်ဆောင်ချက် ၁) အား Myanmar Institute of Gender Studies မှ လေ့လာချက်တစ်စိတ်တစ်ပိုင်းအနေဖြင့် လက်ရှိတွင် စမ်းသပ်အသုံးပြုနေပြီး လုပ်ဆောင်ချက် ၂) အား Myanmar Social Policy၊ Poverty Research Groupနှင့် The Asia Foundation တို့ကဲ့သို့သော အဖွဲ့အစည်းများမှ စမ်းသပ်အသုံးပြုခဲ့ကြပြီး ဖြစ်ပါသည်။

၄၁။ မြန်မာနိုင်ငံအုပ်ချုပ်ရေးအတွင်း အရည်အသွေးရှိသော ပါဝင်မှုများ၏ အရေးပါမှုကို ထည့်သွင်းစဉ်းစားခြင်းနှင့် ပတ်သက်ပြီး ဆွေးနွေးမှုများကို ဆက်လက်လေ့လာနိုင်ရန်အတွက် Paul Minoletti၊ Gender (in) Equality in the Governance of Myanmar: Past, Present, and Potential Strategies for Change (Yangon: The Asia Foundation, April 2016), pp.3-4.

၄၂။ Ismene Gizelis, Khin Ma Ma Myo, Jana Krause, Paul Minoletti, မြန်မာနိုင်ငံရှိ နိုင်ငံသားများအတွက် ဘတ်ဂျက် (Myanmar Institute of Gender Studies, forthcoming 2020)၊ Paul Minoletti၊ မြန်မာနိုင်ငံရှိ ကျားမရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း (ActionAid၊ CARE၊ Oxfam and WON၊ ထုတ်ပြန်ခဲ့ခြင်းမရှိ ၂၀၁၅)

၄၃။ မြန်မာနိုင်ငံအစိုးရ - ဗဟိုစာရင်းအင်းအဖွဲ့ နှင့် UNDP၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအတွက် အမျိုးသား ညွှန်းကိန်းမူဘောင်၊ စာမျက်နှာ - ၈။

၄၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ - စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (၂၀၁၈ - ၂၀၃၀)၊ စာမျက်နှာ - ၂၃။

၄၅။ မှတ်ချက် - ဤညွှန်းကိန်းမှာ အမျိုးသမီးများအတွက်သာ ကောက်ယူရသည့် အကြောင်းအရင်းမှာ မထင်ရှားပါ၊ (၁) အမျိုးသားများနှင့် နှိုင်းယှဉ်လျှင် အမျိုးသမီးများတွင့် သင့်တင့်လျောက်ပတ်သော အလုပ်များရှိမရှိကို သိရန်အတွက် အသုံးဝင်ပါသည်၊ (၂) သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်ရှိသည့် အမျိုးသားများ၏ ရာခိုင်နှုန်းသည်လည်း အရေးကြီးသော အချက်အလက်ဖြစ်ပါသည်။

The Asia Foundation

Improving Lives, Expanding Opportunities